# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၁၃)ရက် ၊ သောကြာနေ့ ၊ (3-3-2023) ၊ အတွဲ (၃၀)၊ အမှတ် (၁၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ )ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



**ရန်ကုန် မတ် ၂**

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၂၃**

၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ် မတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းခဲ့သော အောက်ပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်ကြူကြူလှ ဇေယျာသီရိမြို့နယ် နေပြည်တော်

၂။ ဒေါ်ကြိုင်ကြိုင် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်

**စာမျက်နှာ ၁၈ ကော်လံ ၄ သို့**




ရတနာပုံ
၂၀၁၃ ခုနှစ် မတ် ၃ ရက်
အယ်ဒီတာ့အာဘော်

# ဈေးကွက်ဝင် မြန်မာ့သရက်သီးနှင့် MSME

မြန်မာ့ရေမြေတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်းသော သီးနှံအမည်များစွာအနက် သရက်သီးလည်း အပါအဝင်ဖြစ်သည်။ သရက်သီးကို ရှေးယခင်ကပင် စိုက်ပျိုး၍ စားသုံးကြသည့်ဓလေ့ရှိသည်ကို အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်ဟူသော စကားရပ်က သက်သေခံလျက်ရှိသည်။

သရက်သီးမှာ ရာသီအလိုက်ပေါ်သော အသီးအနှံဖြစ်သည်။ လူတန်းစားမရွေး နှစ်ခြိုက်စွာ စားသုံးကြသည်ကိုလည်း တွေ့နိုင်သည်။ သရက်သီးများ ရင့်မှည့်စပြုလာလျှင် ခူးဆွတ်ကြပြီး ဈေးကွက်သို့ တင်ပို့ကြသည့်အချိန်သည် သင်္ကြန်ရက်များအပြီး တန်ခူးလထဲတွင်ဖြစ်ကြောင်း အများအားဖြင့် တွေ့ရသည်။ ၎င်းကို သရက်သီးပေါ်ချိန်ဟု သတ်မှတ်နိုင်သည်။

သရက်သီးပေါ်ချိန်မတိုင်မီ ကနဦးအဖြစ် သရက်ကင်းများ ပေါ်ထွက်လာသည်ကို တွေ့ရပြီး မြန်မာ့လူနေမှုစနစ်တွင် သရက်ကင်းကို အတို့အမြှုပ်ဟင်းအမည်အဖြစ်လည်း နှစ်သက်စွာစားသုံးကြရာ ဈေးကွက်တစ်ခုအဖြစ် တွင်ကျယ်စွာတွေ့ရသည်။ သရက်ကင်းမှ သရက်သီးမှည့်ချိန်မရောက်မီကြားကာလဖြစ်သော သရက်သီးစိမ်းများ ပေါ်ထွက်ချိန်တွင် သက်ရက်သီးစိမ်းများကို ခူးဆွတ်၍ သရက်ချဉ်အဖြစ် အချဉ်တည်ကာ ပြုလုပ်ရောင်းချကြရာ နိုင်ငံအတွင်းနေရာဒေသအနှံ့အပြား၌ သရက်ချဉ်ကို ဟင်းအမည်တစ်ခုအဖြစ်ထည့်သွင်း၍ အမျိုးမျိုးပြုလုပ်စားသုံးကြကြောင်း တွေ့ရသည်။

သရက်သီးတွင် ရွှေဟင်္သာ၊ အောင်ဒင်၊ မချစ်စု၊ ရင်ကွဲ၊ စိန်တလုံး စသည့် လူကြိုက်များသော အရသာချိုမြိန်သည့်သရက်သီးများသည် ပြည်တွင်းစားသုံးမှုကို ဖြည့်စွက်ပေးနိုင်သည်သာမက ပြည်ပပို့ကုန်အဖြစ်လည်း ထုတ်လုပ်ရောင်းချကြကာ စီးပွားဖြစ်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရသည်။ သရက်သီးကို ပြည်ပပို့ကုန်အဖြစ် ထုပ်ပိုးသန့်စင်ရန်အတွက် ခေတ်မီနည်းပညာဖြင့် သန့်စင်ထုပ်ပိုးနိုင်ရန် နည်းပညာအသုံးပြုအအေးခန်းစက်ရုံများ တည်ဆောက်ပေးနေပြီဖြစ်သည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရသည်။

သရက်သီးတွင် အရသာအချဉ်ကဲသော သရက်ကြမ်းများကို သရက်ချဉ်ပြုလုပ်ရာတွင် အဓိကအသုံးပြုကြသလို သရက်သီးရင့်မှည့်ချိန်တွင် အိမ်တွင်း တစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် သရက်ပြား၊ သရက်ယိုအဖြစ် ထုတ်လုပ်ရောင်းချကြသည်ကို တွေ့ရသည်။ အဆိုပါသရက်ချဉ်၊ သရက်ပြား၊ သရက်ယိုလုပ်ငန်းများကို နိုင်ငံတော်က ဖော်ဆောင်အားပေးမြှင့်တင်လျက်ရှိသော MSME လုပ်ငန်းများအဖြစ် တရားဝင်မှတ်ပုံတင်ကာ လုပ်ဆောင်သွားမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ မိမိတို့ဒေသတွင်းမှ ထွက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ကြမ်းများကို အခြေခံ၍ MSME လုပ်ငန်းအဖြစ် ဆောင်ရွက်ထုတ်လုပ်နိုင်မည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်မည်ဖြစ်သလို တစ်ဦးချင်းဝင်ငွေ ပိုမိုရရှိစေကာ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။

သရက်သီး၏ ကောင်းမွန်သော ဂုဏ်၊ အင်္ဂါရပ်များအဖြစ် သီးကင်း၊ သီးစိမ်း၊ သီးမှည့်အခြေအနေ သုံးမျိုးစလုံး စားသောက်ကုန်အဖြစ် အသုံးပြုနိုင်သည်ကိုတွေ့ရပြီး အဆိုပါ သီးနှံများကိုအခြေခံ၍ အရည်အသွေးမြင့် စားသောက်ကုန်များဖြင့် ဆက်လက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတကာဈေးကွက်တွင် ရောင်းပန်းလှပြီး ပြည်တွင်းစားသုံးမှုမှလည်း ဝယ်လိုအားရှိသောသရက်ကို နည်းစနစ်ကျနစွာ စိုက်ပျိုးထုတ်လုပ်၍ MSME လုပ်ငန်းအဖြစ် ဖော်ဆောင်ကာ နိုင်ငံဝင်ငွေတိုး၍ စိုက်ပျိုးထုတ်လုပ်သူ၊ လုပ်သားများအကျိုးရှိအောင် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သဖြင့် ဧရာဝတီလင်းပိုင်များ နေရာပြောင်း၍ အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်းက ဧရာဝတီလင်းပိုင်များသည် မန္တလေးမြို့နှင့်မင်းကွန်းအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိပြီး မတ် ၁ ရက်က မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်တာကြောင့် လင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့အစာပေါများတဲ့ မတ္တရာမြို့နယ်အတွင်းက မြေစွန်းကျေးရွာအနီးမှာအုပ်စုလိုက်နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ မတ် ၁ရက်က တွေ့မြင်ထားပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားဧည့်သည်များ အနေဖြင့် ယခုအခါ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မတ် ၂**

မန္တလေးဆိုင်ကယ်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေမှုကြောင့် ဈေးတန်းမြင့် တစ်ပတ်ရစ်ဘီးများကို ဝယ်ယူထားသူများ ဈေးလျှော့ရောင်းချနေရကြောင်း မန္တလေးမြို့ ၅၉လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ အရောင်းအဝယ်အေးနေသော်လည်း ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့်တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်အနည်းငယ်ရှိနေသေးကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အခြားဘီးများမှာ ငွေကျပ် ၂၈ သိန်းမှ ၃၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်း မှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင် အရောင်းအဝယ် ပြန်ဖြစ်နေသည်ဟုဆိုသော်လည်း ကြိုက်ရောင်းကြိုက်ဝယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းများကျဆင်းသွားခြင်းမျိုးမရှိဘဲ ယခင်က ငွေကျပ်သိန်း ၃၀၀ ခန့်ပေါက်ဈေးရှိသည့် ကားအမျိုးအစားများမှာ ငွေကျပ်သိန်း ၅၀ မှ သိန်း ၇၀ ခန့် ထိမြင့်တက်လာကြောင်းသိရသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်နေရာတွင် ငွေကျပ်သိန်း ၃၅၀ ခန့် ပွိုင့်သရီးကားများ အရောင်းအဝယ်ရှိနေပြီး ပွိုင့်သရီးကားအမျိုးအစားများမှ နံပါတ်ထွက်ပြီးသား ငွေကျပ်သိန်း ၃၅၀ ခန့် ဂျပန်ညာမောင်း ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဘယ်လ်တာ၊ တိုယိုတာပရိုဘောက်စ်ကားများ အဝယ်ရှိနေသေးကြောင်း သိရသည်။

ထို့ပြင် ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဈေးကွက်အတွင်း၌ ဆူဇူကီး၊ မစ်ဆူဘီရှီ၊ ဟိုက်ဂျက် စသည့် မီနီထရပ် (ခွေးဘီလူး)ကားလေးများ မေးမြန်းမှုများလာပြီး ရောင်းချလိုမှုလည်း များနေကြောင်း၊ ဈေးနှုန်းများအနေဖြင့် ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀၊ Auto ငွေကျပ် သိန်း ၁၅၀ ခန့်ရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ်၁၂၅ သိန်း ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးချိုကြီးထံမှ သိရသည်။ (၁၇၃)

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်လေးမြို့နယ်တွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း ဟောပြောမည်

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် လေးနယ်တွင် လူမှုဖူလုံရေး အကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

စက်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန်အတွက် မတ်လ ပထမပတ်မှစ၍ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဟောပြောပွဲပြုလုပ်သွားမည့် မြို့နယ်များမှာ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့တွင်ရှိသည့် အလုပ်ဌာန ၂၀ကို မြို့နယ်လူမှုဖူလုံရေးရုံးခွဲများမှ ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများက ပူးပေါင်း၍ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

"မန္တလေးမြို့ပေါ်ရှိ ရုံးခွဲတွေအလိုက် အနည်းဆုံးတစ်မြို့နယ်ကို ငါးကြိမ် ဟောပြောပွဲပြုလုပ်သွားမှာပါ။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်မှာ မမာမကျန်းရမယ်။ မီးဖွားမှုဆိုင်ရာ ဆေးဖိုးပြန်အမ်းခြင်း ငါးမျိုးအကြောင်း အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်ဆိုတဲ့ အကြောင်းအရာတွေကို အသိပညာပေးဆွေးနွေးဟောပြောမယ်။ ဆေးခန်းလာရင် စာရွက်စာတမ်းယူဆောင်ရမဲ့အကြောင်းတွေပြောမယ်။ ငွေကြေးအကျိုးခံစားခွင့်ရဖို့ ဆေးခွင့်ရလာရင် မြို့နယ်ရုံးတွေမှာ ပြန်လျှောက်တဲ့အခါ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ အချိန်ကာလဘယ်လောက်အတွင်းမှာ တောင်းရမယ်ဆိုတာတွေ ပြောမယ်"ဟု ဦးသန်းနိုင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မွေးခံထိုက်ကြပါစေ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

"သူငယ်ချင်းရေ . . . မင်းမကြာခဏပြောပြ ရေးပြနေလို့ သားသမီးအမျိုးအစား ချစ်မျိုးအကြောင်း သိခဲ့ရတာ တော်တော်ပဲ ဗဟုသုတရခဲ့ပါတယ်ကွာ။ အဲဒီထဲမှာ လူသိများကြတဲ့အပြင် လူတိုင်းနားယဉ်နေကြတဲ့ **ဩရသ**သားသမီးပဲဖြစ်ဖြစ်၊ မွေးစားသားသမီးလို့ ယေဘုယျနားလည်ထားကြတဲ့ **ကိတ္တိမ** သားသမီးပဲဖြစ်ဖြစ်၊ သားရင်းသမီးရင်းအငယ်တွေဖြစ်ကြတဲ့ **ကနိဋ္ဌ** တွေပဲဖြစ်ဖြစ် မိဘတွေနဲ့ အဆင်မပြေကြတဲ့အခါ၊ ပြဿနာဆိုးတွေနဲ့ ကြုံတွေ့လာကြတဲ့အခါ သားသမီးအဖြစ်ကနေ ရပ်စဲကြပြီး အမွေစားအမွေခံအဖြစ်က စွန့်လွှတ်ကြောင်း သတင်းစာတွေကနေ ကြော်ငြာနေတာတွေကို မကြာခဏတွေ့နေရတယ်ကွ။ အဲဒီလို ကြော်ငြာနေရုံနဲ့ အမွေမပေးရတော့ဘူးလားကွာ"

"သားသမီးတွေနဲ့ မိဘတွေ အဆင်မပြေကြတာ၊ ပြဿနာဖြစ်ကြတာမှာ အတိုင်းအတာရှိတယ်ကွ။ မင်းပြောချင်တဲ့သဘောက ဘာကိုဆိုလိုချင်တာလဲ"

"ဒီလိုကွာ။ မိဘအိမ်မှာ မပူမပင်၊ မကြောင့်မကြ၊ မတောင့်မတနဲ့ စိတ်ချမ်းသာကိုယ်ကျန်းမာနေထိုင်နေကြတဲ့ သားသမီးတွေထဲက တချို့ဟာ ဘီယာ၊ အရက်သောက်၊ ဖဲရိုက်၊ ချဲထီထိုး၊ ဘောလုံးလောင်းကစားအပါအဝင် လောင်းကစားမျိုးစုံလုပ်၊ မူးယစ်ဆေးစွဲနေတာမျိုးတွေ၊ စရိုက်မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ပေါင်းသင်းပြီး အပျော်အပါးလိုက်စားနေကြတာတွေ၊ မိဘတွေကို ကလန်ကဆန်လုပ်ပြီး အာခံစော်ကားနေကြတာတွေ၊ မိဘတွေကို အသိမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ် တိတ်တိတ်ပုန်းလက်ထပ်ထားကြတာတွေ၊ ခိုးရာလိုက်ကြတာတွေ၊ မိဘတွေရဲ့ ရွှေငွေနဲ့ တန်ဖိုးရှိပစ္စည်းတွေကို ခိုးယူသုံးဖြုန်းပစ်ကြတာမျိုးတွေ၊ မိဘတွေကို အရှက်ခွဲပြီး စိတ်ဆင်းရဲအောင် နည်းမျိုးစုံနဲ့ ဒုက္ခပေးနေကြတာတွေ။ အဲဒီလိုသားဆိုးသမီးဆိုးတွေကို အမွေပြတ်ကြော်ငြာနေကြတာဟာ တကယ်ရောအမွေဖြတ်လို့ရသလားဆိုတာ ငါသိချင်တာပါ"

"ဒီပြဿနာမျိုးက လက်လွတ်စပယ်လုပ်လို့တော့ မရဘူးကွ။ ဘာပဲလုပ်လုပ် အကြောင်းအကျိုးညီညွတ်မှုမျှတရတယ်။ အချို့မိဘအုပ်ထိန်းသူတွေဟာ သားသမီးတွေကို အမွေပြတ်ကြော်ငြာပြီးမှ ဒေါသပြေပြီး ကြော်ငြာချက်ကို ရုပ်သိမ်းကြတာတွေ၊ သားသမီးကို အချုပ်ထဲထည့်ပြီးမှ ငွေကုန်လူပန်းအလုပ်ရှုပ် ပြန်ထုတ်ကြတာတွေရှိခဲ့ကြတယ်ကွ။ ဘာပဲလုပ်လုပ် ရေရှည်အရေးကို သေသေချာချာစဉ်းစားပြီးမှ လုပ်ကြသင့်တယ်။ ယမ်းပုံမီးကျသဘောမျိုး၊ ဒေါသပေါက်ကွဲပြီး ရှူးရှူးရှဲရှဲထလုပ်ကြရင်တော့ မှားကုန်ကြတာပဲကွ။ အခု မင်းပြောပြတဲ့ သားသမီးတွေကို အမွေပြတ်ကြော်ငြာကြဖို့ဆိုတာ မဖြစ်နိုင်ဘူးကွ။ မိဘတွေက သတင်းစာထဲကနေပြီး အမွေပြတ်ကြော်ငြာကြရုံနဲ့ အမွေကိုဖြတ်လို့မရဘူး။ သားသမီးတွေရဲ့ ရပိုင်ခွင့်အမွေတွေဟာ ဆုံးရှုံးမသွားဘူး။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ မိဘတွေဟာ သားသမီးတွေကို အမွေရမဲ့အထဲက ဖယ်ထုတ်မရဘူးလို့ စီရင်ထုံးပြုထားတာတွေရှိတယ်ကွ။ မင်းအနေနဲ့ ပိုပြီးရှင်းလင်းနားလည်အောင် ပြောပြရမယ်ဆိုရင်-

၁။ သားသမီးတွေကို သူတစ်ပါးအား မွေးစားဖို့ပေးအပ်ခဲ့တာ၊

၂။ မိဘတွေဟာ ကွာရှင်းပြတ်စဲသွားခဲ့ကြပြီးနောက် သားသမီးတွေက မိဘတစ်ယောက်ယောက်နဲ့ နေထိုင်ကြမယ်။ ဒါကြောင့် အတူမနေတဲ့ မိဘကို သားသမီးတွေက ပြုကျင့်အပ်တဲ့ ဝတ်ကြီးဝတ်ငယ်တွေ ပြုစုခွင့်ကင်းမဲ့နေတာ၊

၃။ သားသမီးတွေရဲ့ ကျင့်ဝတ်ပျက်ပြားတာ။

အခု ပြောပြတဲ့အချက်သုံးချက်နဲ့ ငြိနေရင်တော့ မိဘတွေရဲ့ အမွေကို ရပိုင်ခွင့်မရှိဘဲ ဆုံးရှုံးနိုင်တယ်ကွ။ မင်းက အမေးရှိနေလေတော့၊ မင်းသဘောပေါက်အောင်၊ လိပ်ပတ်လည်အောင် ရှင်းပြမှဖြစ်တော့မယ်ကွ။ ပိုပြီးတိကျအောင် **ဗဟိုတရားရုံးရှေ့နေ ဦးမြစိန်** ရေးသားခဲ့တဲ့ **မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ**စာအုပ်ထဲမှာ ဖော်ပြထားတာကို ငါရှင်းပြမယ်။

မိဘအမွေဆက်ခံထိုက်တဲ့ သားသမီး ခြောက်မျိုးရှိတယ်။

၁။ ဩရသ - ရင်၌ဖြစ်တဲ့သား (အကြီးဆုံးသားသမီးအရင်း)၊

၂။ ကိတ္တိမ - အမွေခံသားသမီးအဖြစ် အထင်အရှားမွေးစားထားသူ၊

၃။ အပဝိဒ္ဓ - ကောက်ယူမွေးစားထားတဲ့ သားသမီး၊

၄။ ပုဗ္ဗက - မယားပါ၊ လင်ပါ အထက် သားသမီး၊

၅။ ဟေဒ္ဓိမ - အမြောင်မယားသားသမီး

❖ ခေါင်က မိုးလုံကြပေမဲ့ တစ်မိပေါက် တစ်ယောက်မထွန်းဘဲ ဖွတ်ဖောက်ဆိုးသွမ်း၊ ရမ်းကားသောင်းကျန်းတဲ့ သားဆိုးသမီးဆိုးတွေ၊ အပေါင်းအသင်းမှား၊ လောင်းကစားမက်၊ သောက်စားမူးယစ်၊ ဆေးစွဲ၊ လူစိတ်ပျောက်ကုန်ကြတဲ့ အဇာတသတ်လက်သစ်တွေ၊ တိရစ္ဆာန်ထက် ရက်စက်ယုတ်မာကြသူတွေကြောင့် ရိုးသားကြတဲ့ မိဘတွေ လောကီငရဲကို ကြိတ်မှိတ်ခံနေခဲ့ကြရတယ်။ မိဘမေတ္တာနဲ့ သည်းခံခွင့်လွှတ်နေခဲ့ကြတယ်ကွ။ မိဘတိုင်းဟာ သားလေးမွေးလာရင် တို့အားထားကြရမဲ့ အားအဖြစ် အားကိုးမျှော်လင့်ကြလေ့ရှိတယ်။ ❖

၆။ ခေတ္တဇ - ကျွန်မနှင့် သင့်နေရာ၊ မွေးဖွားသားသမီး၊

ဆိုပြီး ခြောက်မျိုးဖွင့်ဆိုထားတယ်ကွ။

မိဘအမွေ မဆက်ခံထိုက်တဲ့ သားသမီးအမျိုးအစားကလဲ ခြောက်မျိုးရှိတယ်။

၁။ သွနုတ္တ - မိဘစကားကို နားမထောင်တဲ့ သားသမီး၊

၂။ ဒိန္နက - သူတစ်ပါးက ပေးလို့ရတဲ့ သားသမီး၊

၃။ သဟောမူ - ဝယ်ယူမွေးစားထားတဲ့ သားသမီး၊

၄။ ပုနာဒုဗ္ဗဝ - မိမိရဲ့ဇနီးနဲ့ သူတစ်ပါးရပြီးမှ မွေးတဲ့သားသမီး၊

၅။ ကီဠိတ - ကစားမြူးထူးရာမှ ရတဲ့သားသမီး၊ တိတ်တိတ်ပုန်းရတဲ့ သားသမီး၊

၆။ ဆာတဘတ္တ- အခြေအနေမဲ့၊ လမ်းဘေးမှာတွေ့လို့ သနားတာကြောင့် ခေါ်ယူ ကျွေးမွေးထားတဲ့ သားသမီး၊

ဆိုပြီး ခြောက်မျိုးဖွင့်ဆိုထားတယ်ကွ။

အဲဒီအကြောင်းတွေကို အကျယ်ချဲ့မယ်ဆိုရင် စီရင်ထုံးအများကြီးနဲ့ ကျမ်းကြီးကျမ်းငယ်စာအုပ်တွေ အများကြီးထွက်လာနိုင်တယ်"

"အေး မင်းပြောတာဖြစ်နိုင်ပါတယ်။ အခု မင်းရှင်းပြနေတာကိုတောင် ငါ တော်တော်စဉ်းစားပြီးမှတ်သားနေရတာကွ။ တော်ရုံတန်ရုံအဆင့်ဆိုရင် နားလည်ဖို့ မလွယ်ဘူးကွ"

"ဒါတောင် ငါက တရားခွင်မှာ ရှေ့နေတွေ၊ ဥပဒေပညာရှင်တွေ၊ လျှောက်လဲချေပပြောဆိုနေသလို ပြောပြနေတာမဟုတ်ဘူး။ မှုခင်းစာနယ်ဇင်းတွေမှာ ငါရေးပြခဲ့သလို အရပ်သူ၊ အရပ်သားတွေ၊ လူငယ်လူရွယ်တွေ သဘောပေါက်နားလည်နိုင်တဲ့ အသုံးအနှုန်းစကားလုံးတွေနဲ့ ရှင်းပြနေတာကွ။ အဓိကအချက်တွေလောက်ကိုသာ မှတ်ထားကွာ။ မိဘတွေကို ရန်သူလို သဘောထားနေကြတဲ့ သားသမီးတွေ၊ မိဘတွေကို သာမန်ဆွေဝတ်မျိုးဝတ်လောက်မှ စောင့်ရှောက်မှု တာဝန်မကျေပွန်တဲ့ သားသမီးတွေဟာ အမွေခံအဖြစ်က စွန့်ပစ်ခံကြရလေ့ရှိတယ်"

"မွေးစားသားသမီးလဲ ပါတာပေါ့နော်"

"မွေးစားသားသမီးဆိုတာ တရားဝင်စာချုပ်စာတမ်းနဲ့ အမွေစားအမွေခံအဖြစ် မွေးစားထားကြတဲ့ ကိတ္တိမ သားသမီးတွေကို ဆိုလိုတာကွ။ အဲဒီမွေးစားသားသမီးတွေကလဲ ငါ အခုနပြောသလို တာဝန်မကျေပွန်ကြရင်၊ ကျင့်ဝတ်ပျက်ကွက်ချို့ယွင်းနေကြရင် အမွေခံအဖြစ်က စွန့်လွှတ်ခံရမှာပဲကွ။ မိဘတွေက အမွေပြတ်စွန့်လွှတ်နိုင်တယ်လို့တော့ အခုပြောလို့မရတော့ဘူးကွ။ အရင်က စွန့်လွှတ်လို့ရခဲ့ကြတယ်။ အခု မရတော့ဘူးလို့ သိရတယ်။ ငါနောက်ပိုင်းမှာ ဆက်လက်ရှင်းပြမယ်"

"သားသမီးအရင်းနဲ့ မွေးစားသားသမီးခြားနားတာက သားသမီးအရင်းကို မိဘတစ်ယောက်တည်းက ခိုင်လုံတဲ့အကြောင်းပြချက်နဲ့ စွန့်လွှတ်နိုင်တယ်။ စွန့်လွှတ်လို့ရတယ်။ ကိတ္တိမမွေးစားသားသမီးတွေကျတော့ စတင်မွေးစားကတည်းက **ပဋိညာဉ်**ပြုလုပ်ပြီး မွေးစားရတာဆိုတော့ မွေးစားစာချုပ်ကို ပယ်ဖျက်လိုရင် ပဋိညာဉ်ကိုပျက်ပြယ်စေတဲ့ **ပဋိညာဉ်အက်ဥပဒေ**ပါ အကြောင်းတစ်ရပ်ရပ်နဲ့ ထင်ရှားအောင်ပြဖို့လိုတယ်။ အဲဒါကို မင်းနားလည်အောင် ထပ်ပြီးရှင်းပြရမယ်ဆိုရင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်း ပျက်ပြယ်နိုင်တဲ့အကြောင်းရပ်တွေထဲမှာ မိဘအရင်းက မွေးစားထားတဲ့ကလေးကို အရွယ်မရောက်ခင် အချိန်အတွင်း ကလေးကိုပြန်ခေါ်တာ၊ မွေးစားထားတဲ့သားက ရဟန်းဘောင်ကူးသွားတာ၊ မွေးစားတဲ့မိဘက ဗုဒ္ဓဘာသာကိုစွန့်ပြီး မွေးစားတာကို အသိအမှတ်မပြုတဲ့ အခြားဘာသာကို ကူးပြောင်းသွားတာ၊ မွေးစားမိဘနဲ့ မွေးစားသားသမီးတွေဟာ မွေးစားတာကို ပယ်ဖျက်ဖို့ ရည်ရွယ်ချက်နဲ့ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်ဖြတ်ထားတာ စတဲ့အချက်တွေဟာ သတင်းစာက ကြော်ငြာစရာမလိုဘဲ မွေးစားသားသမီးအဖြစ်က အလိုလိုပျက်ပြယ်စေတဲ့ အကြောင်းတွေပဲကွ"

"အေး မင်းက စကားစလာလို့ အခုနောက်ဆုံးပေါ် စီရင်ထုံးပေါ်လာတာကို ငါဆက်ရှင်းပြမယ်"

**"သွနုတ္တသားသမီးများသည် အမွေဆက်ခံခွင့်ရှိ၊ မရှိဆိုသော ပြဿနာမှာ မိဘများကွယ်လွန်ပြီးနောက်မှ ကျန်ရစ်သူအမွေဆိုင်အချင်းချင်းကြား ပြဿနာဖြစ်သည်။ မိဘကွယ်လွန်ပြီးနောက် သက်ရှိထင်ရှားကျန်ရှိသည့် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းတို့က အဆိုပြုလေ့ရှိကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထုံးဖွဲ့ထားသော စီရင်ထုံးများအရ တွေ့ရသည်"**

"မိဘတွေအနေနဲ့ မကွယ်လွန်ခင်မှာ မိမိတို့ရဲ့သားသမီးတွေကို သွနုတ္တသားသမီး(အမွေဆက်ခံခွင့်မရှိသော သားသမီး)အဖြစ် မြွက်ဟကြော်ငြာနိုင်ခွင့် အခွင့်အရေးမရှိကြောင်း၊ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ(၁၃) ဒေါက်တာစိုင်းကျော်မင်း(ခ) အိုက်ယွမ်းနှင့် ဦးစိုင်းကျော်သူမှာ စီရင်ထုံးဖွဲ့ထားတာ ရှိတယ်ကွ"

"တော်တော်တော့ ရှုပ်ထွေးနေတာပဲကွ။ အရေးကြီးတာက မိဘအုပ်ထိန်းသူတွေအနေနဲ့လဲ အုပ်ထိန်းတတ်ကြဖို့လိုတယ်။ **ငယ်ကမိဘ၊ မဆုံးမသော်၊ ကြီးဇွတ်စလီ၊ ရန်သူမည်၏** ဆိုတဲ့ စကားတောင်ရှိတယ် မဟုတ်လား။ ငယ်ငယ်တုန်းက အလိုလိုက်အကြိုက်ဆောင်ပေးခဲ့ကြတဲ့ မိဘတွေရဲ့ဘဝဟာ သားသမီးတွေကြီးပြင်းလာကြတဲ့အခါ အလိုလိုက်ခဲ့ကြတဲ့အရှိန်ကို မထိန်းနိုင်ကြတော့ဘဲ သားသမီးတွေရဲ့ မထီမဲ့မြင်မှု၊ ရိုသေလေးစားခြင်း ကင်းမဲ့မှုတွေကို ခံကြရတဲ့အပြင် ပြန်မပြော၊ နားမထောင် ယောင်ခြောက်ဆယ်သားသမီးတွေဖြစ်ကုန်ကြတယ်။ မိဘတွေကို စော်ကားမော်ကားနဲ့ ရမ်းကားမိုက်ရိုင်းလာကြတယ်"

"တို့ ငယ်စဉ်ကလေးဘဝက သင်ကြားခဲ့ဖူးပါတယ်။ အသတ်ခံရတော့မဲ့သူခိုးဟာ သေခါနီးမှာ သူ့အမေကို မှာစရာရှိလို့ အခြားသူတွေ မကြားအောင် တိုးတိုးကလေးပြောပါရစေ အနားကိုလာပါလို့ ပြောတာကြောင့် မိခင်က သားသူခိုးအနား တိုးကပ်သွားခဲ့တယ်။ ဒီတော့မှ သားသူခိုးက တိုးတိုးကလေးကပ်ပြောမဲ့ဟန်နဲ့ မိခင်ရဲ့နားရွက်ကို ရှုတ်တရက်ကိုက်ဖြတ်ခဲ့တယ်။ သူ့အမေက သူ ခိုးပြီးကျွေးခဲ့တာတွေကို ပြောဆိုဆုံးမခြင်းမရှိဘဲ ဥပေက္ခာပြုလျစ်လျူရှုထားခဲ့လို့ သူ သူခိုးဖြစ်နေရတာပါ။ ခုတော့ သေရတော့မယ်။ ဒါကြောင့် မိခင်ကိုနာကြည်းလွန်းလို့ ဒီလိုလုပ်ရတာပါလို့ သားသူခိုးလူမိုက်က မိုက်ရိုင်းစော်ကားခဲ့တယ်ကွ။ အဲဒီလို သားသမီးဆိုးတွေ မျက်မှောက်ခေတ်ကာလမှာ အများကြီးရှိနေတယ်ကွ"

"မျက်မှောက်ခေတ်မှာသာမကဘူး ခေတ်အဆက်ဆက်မှာရှိခဲ့ကြတယ်။ မိဘတွေကလဲ သားသမီးတွေရဲ့ စံပြမဖြစ်ရင်တောင် စံကျမဖြစ်ကြဖို့လိုတယ်။ သားသမီးတွေရဲ့ ရှေ့မှာ သောက်စားမူးယစ်၊ အပျော်အပါးမက်၊ လောင်းစကားဖက်၊ ယဉ်ကျေးမှုပျက်နေကြရင်တော့ သားသမီးတွေကလဲ အတုမြင်၊ အတတ်သင်လာကြမှာပဲ။ အရွယ်ရောက်ရင် ပခုံးချင်းယှဉ်လာချိန်မှာ ငါလုပ်သလို မလုပ်နဲ့လို့ တားဆီးလို့ လုံးဝမရတော့ဘူး။ သာဓကတစ်ရပ်အဖြစ် စာပေဟောပြောပွဲတွေမှာ အခါအခွင့်သင့်သလို ငါဟောပြောခဲ့ဖူးတယ်။ ဆံပင်ဖြူနီကြောင်ကျားကျောင်းသူကို ဆုံးမပြုပြင်ပေးဖို့ ကျောင်းအုပ်ဆရာကြီးက မိဘတွေကိုခေါ်တွေ့ခဲ့တယ်။ ကျောင်းသူရဲ့မိခင်က ကျောင်းအုပ်ဆရာကြီးကို လာတွေ့တဲ့အခါ ကျောင်းအုပ်ဆရာကြီး အံ့အားသင့်သွားပြီး အပြောရခက်သွားတယ်။ ဘာကြောင့်လဲဆိုရင် ကျောင်းသူရဲ့ မိခင်ကိုယ်တိုင်က ဆံပင်ဖြူနီကြောင်ကျားနဲ့ သရုပ်ပျက်နေလို့ကွ။ ဒါပေမဲ့ ကျောင်းအုပ်ဆရာကြီးက ကျောင်းစည်းကမ်းအရ ပြောသင့်တာတွေကို ပြောခဲ့ရတယ်။ ခေါင်က မိုးမလုံတော့ တံစက်မြိတ်က မိုးယိုတာပေါ့ကွာ။ အဲဒီလို စံမမီ၊ စံကျမိဘတွေကလဲ ရှိနေကြတယ်ကွ"

"ခေါင်က မိုးလုံကြပေမဲ့ တစ်မိပေါက်တစ်ယောက်မထွန်းဘဲ ဖွတ်ဖောက်ဆိုးသွမ်း၊ ရမ်းကားသောင်းကျန်းတဲ့ သားဆိုးသမီးဆိုးတွေ၊ အပေါင်းအသင်းမှား၊ လောင်းကစားမက်၊ သောက်စားမူးယစ်၊ ဆေးစွဲ၊ လူ

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပဲခူးတိုင်းဒေသကြီးတွင် ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့

**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီးတွင် ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလတ်ထံမှ သိရသည်။

အဆိုပါလုပ်ငန်းသစ် နှစ်ခု၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏသည် ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၄၀ နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၁၇၂၅ သန်းဖြစ်ပြီး လုပ်ငန်းအမျိုးအစားများမှာ မိုင်းခံရော်ဘာပြားထုတ်လုပ်ရေးစက်ရုံနှင့် CMP လက်ခစား အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်သည့်လုပ်ငန်းစက်ရုံတို့ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတတိယပတ်အတွင်းမှာ ကျင်းပခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး(၂/၂၀၂၃)ကနေ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုကို ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားကတော့ CMP လက်ခစားအထည်ချုပ်လုပ်ငန်းနဲ့ မိုင်းခံရော်ဘာပြားထုတ်လုပ်ရေး စက်ရုံဖြစ်ပါတယ်။ ဒါ့ပြင် လက်ရှိလည်ပတ်နေတဲ့ စက်ရုံ၊ အလုပ်ရုံတွေက တင်ပြလာတဲ့ စက်ရုံမြေတိုးချဲ့တာ၊ ကုန်ကြမ်းပစ္စည်း ပြောင်းလဲတင်သွင်းတာ၊ လုပ်သားဦးရေ တိုးချဲ့ခန့်ထားတာနဲ့ တည်ဆောက်ရေးကာလ တိုးမြှင့်တာတို့ကိုလဲ ဥပဒေနဲ့အညီ ခွင့်ပြုပေးခဲ့ပါတယ်"ဟု ဦးကိုကိုလတ်က ပြောပြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြစ်သည့် Shwe Gyin Shwe Pin Co., Ltd နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် Hansae Bago Co., Ltd ကို လုပ်ငန်းလုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ASH



➤ စာမျက်နှာ ၄ မှအဆက်

စိတ်ပျောက်ကုန်ကြတဲ့ အဇာတသတ်လက်သစ်တွေ၊ တိရစ္ဆာန်ထက် ရက်စက်ယုတ်မာကြသူတွေကြောင့် ရှိုးသားကြတဲ့မိဘတွေ လောကီငရဲကို ကြိတ်မှိတ်ခံနေခဲ့ကြရတယ်။ မိဘမေတ္တာနဲ့ သည်းခံခွင့်လွှတ်နေခဲ့ကြတယ်ကွ"

"မိဘတိုင်းဟာ သားလေးမွေးလာရင် တို့အားထားကြရမဲ့ **အား**အဖြစ် အားကိုးမျှော်လင့်ကြလေ့ရှိတယ်။ သားက လိမ္မာရင်တော့ မိဘတွေအတွက် **အား**ဖြစ်ပေမဲ့ သားက ဆိုးသွမ်းမိုက်ကမ်းရမ်းကားနေရင်တော့ **အား**မဖြစ်ဘဲ မိဘတွေကို ဝဲမျိုဒုက္ခပေးတဲ့ **ကျား**ဖြစ်သွားတယ်ကွ။ အဲဒီလိုပဲ သမီးလေးမွေးလာရင်လဲ တို့အရိပ်ခိုကြရမဲ့ **ထီး**အဖြစ် တင်စားဂုဏ်ယူကြလေ့ရှိတယ်။ သမီးက လိမ္မာရင်တော့ မိဘတွေအတွက် **ထီး**ဖြစ်ပေမဲ့ သမီးက သမီးတစ်ကောင် နွားတစ်ထောင်ပမာ မိဘရဲ့ဂုဏ်သိက္ခာနဲ့ စည်းစိမ်ဥစ္စာတွေကို ပျက်စီးဆုံးရှုံးစေပြီး ဒုက္ခမီးတွေ မွှေးနေရင်တော့ **ထီး**မဖြစ်ဘဲ မိဘတွေကို လောင်ကျွမ်းစေတဲ့ **မီး**ဖြစ်သွားတယ်ကွ"

"ဒါကြောင့် "ငယ်သော်ကား **သား**၊ ကြီးသော် **အား**၊ မှတ်ထား **သားလိမ္မာ**၊ ငယ်သော်ကား **သား**၊ ကြီးသော် **ကျား**၊ မှတ်ထား **သားမိုက်ပါ**၊ ငယ်သော် **သမီး**၊ ကြီးသော် **ထီး**၊ **သမီးအလိမ္မာ**၊ ငယ်သော် **သမီး**၊ ကြီးသော် **မီး**၊ **သမီးအမိုက်ပါ**"လို့ ပြောဆိုနေကြတာပေါ့ကွာ။ သားသမီး **ရတနာတွေ**မဖြစ်ကြတော့ဘဲ **ရတာနာတွေ**ဖြစ်နေကြလို့ ရင်နာနာနဲ့ အမွေပြတ်ကြော်ငြာနေကြရတာကွ။ စာနာကြည့်ပေါ့ကွာ။ ဒါပေမဲ့ ဥပဒေနဲ့ မညီဘူးဆိုတာကို မိဘတွေသိထားကြဖို့လိုတယ်ကွ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"

## ဘာသာမြတ်

- နှစ်ထောင့်ကိုးဖြစ် ခရစ်နှစ်တွင်
ဆွစ်ဇာလန်မှာ နိုင်ငံတကာတို့
**ဘာသာစိတ်ဓာတ် တိုးတက်အပ်ရေး**
**ရျမှတ်စုစည်းအဖွဲ့ကြီး**[၁]က
စည်းဝေးခေါ်ကာ ဖိတ်ကြားရာ
ဘာသာရေးခေါင်းဆောင်များ တက်ကြတယ်။

- ခရစ်ယာန်နှင့်
အစ္စလာမ်အစ ဟိန္ဒူမှသည်
ဗုဒ္ဓဘာသာ ဂျူးလည်းပါသည့်
ဘာသာစုံသား ခေါင်းဆောင်များ
အားပါးတရ ဆွေးနွေးတယ်။

- ဆွေးနွေးကုံလုံ အကြောင်းစုံတည့်
အဟုန်ပြင်းစွာ ညှိနှိုင်းရာဝယ်
ဘယ်ဘာသာထုံး အကောင်းဆုံးဟု
စိစ်နှုန်းထုတ်ကာ လေ့လာရာ
ဗုဒ္ဓဘာသာကိုတဲ့ ရွေးချယ်တယ်။

- ခေါင်းဆောင်အားလုံး အကောင်းဆုံးဟု
ပေါင်းရုံးသုံးသပ် ဘာသာမြတ်ကို
ဆုအပ်နှင်းချက် မကန့်ကွက်ဘဲ
စိတ်လက်ညီညာ ကြည်ကြည်သာလျက်
ဘာသာရေးသမား ခေါင်းဆောင်များ
သဘောထားအားလုံး တူကြတယ်။

- ဗုဒ္ဓဟောကြား မြတ်တရားသည်
ပွားများညီတူ ကိုးကွယ်သူအဖို့
အပူလောင်မြိုက် စစ်မတိုက်ဘဲ
အမိုက်ကင်းဝေး ငြိမ်းချမ်းရေးတွက်
အေးဆေးညင်သာ ဖော်ဆောင်ရာ ဟု
ဘာသာကွဲပြား ခေါင်းဆောင်များ
ခံစားဖွင့်ဟ ပြောကြတယ်။

- စစ်မက်မပွား သူတစ်ပါးကို
ရမ်းကားချိုးဖျက် မနှိပ်စက်ဘဲ
အေးကွက်ဆောင်သွေး ငြိမ်းချမ်းရေးသာ
ချင့်တွေးနဂို စဉ်နှစ်လိုလျက်
ကိုယ်စိတ်နှလုံး ဖြူစင်သုံးကာ
အဆုံးအမများ နာယူပွား
ဗုဒ္ဓဘာသာတရား မြတ်တကား။ ။

**မင်းယဉ်ရု**

(ဆရာ"မင်းယုဝေ"ရေးသားသော "သီတဂူဆရာတော်ကြီး၏ ဘဝဖြစ်စဉ်အကျဉ်း"စာအုပ်မှ အတွေးရသည်။)

၁။ ဘာသာတရားများနှင့် စိတ်ဓာတ်တိုးတက်ရေးဆိုင်ရာနိုင်ငံတကာအဖွဲ့ကြီး[International Coalition for the Advancement of Religious and Spirituality(ICARUS)]

# နိုင်ငံတကာ သတင်းများ

## နည်းပညာသစ်နယ်ပယ် ၄၄ ခုအနက် ၃၇ ခုတွင် တရုတ်နိုင်ငံက အနောက်အုပ်စုကို ဦးဆောင်နေ

**ပေကျင်း မတ် ၂**

နည်းပညာသုတေသနလုပ်ငန်းများအတွက် နိုင်ငံတကာအားပြိုင်ပွဲ၌ အနောက်အုပ်စုနိုင်ငံများ ရှုံးနိမ့်နေချိန်တွင် အရေးပါသော နည်းပညာသစ်နယ်ပယ် ၄၄ ခုအနက် ၃၇ ခုတွင် တရုတ်နိုင်ငံက ကမ္ဘာကြီးကို ဦးဆောင်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အချို့သော နည်းပညာနယ်ပယ်များတွင်မူ ကမ္ဘာ့ထိပ်တန်း သုတေသန အဖွဲ့အစည်း ၁၀ ခုစလုံးမှာ တရုတ်နိုင်ငံတွင်သာ ရှိနေကြောင်း သြစတြေးလျမဟာဗျူဟာမူဝါဒအင်စတီကျူ၏ လေ့လာချက် အစီရင်ခံစာအရ သိရသည်။

ပြီးခဲ့သည့် ငါးနှစ်အတွင်း တရုတ်နိုင်ငံသည် အဆင့်မြင့် နိုင်ငံတကာသုတေသနစာတမ်း ၄၈ ဒသမ ၄၉ ရာခိုင်နှုန်းကို ပြုလုပ်နိုင်ခဲ့သလို ကမ္ဘာ့ထိပ်တန်း သုတေသနအဖွဲ့အစည်း ၁၀ ခုအနက် ခုနစ်ခုကိုလည်း ပိုင်ဆိုင်ထားခဲ့ကြောင်း သြစတြေးလျမဟာဗျူဟာမူဝါဒအင်စတီကျူ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့အတူ တရုတ်နိုင်ငံသည် ဇီဝအင်ဂျင်နီယာနည်းပညာ၊ လျှပ်စစ်ဘက်ထရီ၊ ပဉ္စမမျိုးဆက်ဆက်သွယ်ရေးနည်းပညာအပါအဝင် နည်းပညာနယ်ပယ် ၁၀ ခု၌ မူပိုင်ရှင်အဖြစ်လည်း ရပ်တည်လာနိုင်ဖွယ်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် သုံးသပ်ထားသည်။

အမေရိကန် နိုင်ငံအနေဖြင့် ကွန်ပျူတာနည်းပညာ၊ ကွမ်တမ်ကွန်ပျူတာနည်းပညာနယ်ပယ်များတွင် ဦးဆောင်နေသည့်တိုင် အချို့နည်းပညာနယ်ပယ်သစ်များတွင်မူ တရုတ်နိုင်ငံ နောက်ဒုတိယနေရာတွင်သာရှိနေကြောင်း သိရသည်။

တရုတ်သိပ္ပံ အကယ်ဒမီသည် နည်းပညာနယ်ပယ် ၄၄ မျိုးအနက် အများစုတွင် ပထမနေရာသို့မဟုတ် ဒုတိယနေရာတွင်သာ ရှိနေတတ်သည်ဟု မဟာဗျူဟာမူဝါဒအင်စတီကျူအစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

KKO

## အနောက်အုပ်စုသူလျှိုလုပ်ငန်းများကို တုံ့ပြန်ရေးအတွက် တန်ပြန်လှုပ်ရှားမှုမြှင့်တင်ရန် အက်ဖ်အက်စ်ဘီကို သမ္မတပူတင် တိုက်တွန်း



**မော်စကို မတ် ၂**

ယူကရိန်းနှင့် အနောက်အုပ်စုနိုင်ငံများ၏ သူလျှိုလုပ်ငန်းများနှင့် အဖျက်အမှောင့် လုပ်ငန်းများကို တုံ့ပြန်ရေးအတွက် တန်ပြန်လှုပ်ရှားမှုများ မြှင့်တင်ရန်ပြည်တွင်း ထောက်လှမ်းရေးအဖွဲ့ (အက်ဖ်အက်စ်ဘီ)ကို သမ္မတ ပူတင်က မတ် ၁ ရက်တွင် ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အက်ဖ်အက်စ်ဘီ အနေဖြင့် ယူကရိန်းနိုင်ငံဘက်မှ ရုရှားဘက်သို့ အဖျက်အမှောင့်အုပ်စုများ ဝင်ရောက်မှုကို တားဆီးရမည်ဖြစ်ကြောင်း အက်ဖ်အက်စ်ဘီ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားပြည်တွင်း၌ အစွန်းရောက်အုပ်စု ကလာပ်စည်းများ ပြန်လည်ထူထောင်နေသော အနောက်အုပ်စုသူလျှိုလုပ်ငန်းများကိုလည်း အက်ဖ်အက်စ်ဘီက တားဆီးပေးရန် သမ္မတပူတင်က ညွှန်ကြားခဲ့သည်။

ရုရှားနိုင်ငံအတွင်းသို့ လက်နက်များ တရားမဝင် ဝင်ရောက်မှုကို တားဆီးရန်လည်း သမ္မတ ပူတင်က အက်ဖ်အက်စ်ဘီကို ညွှန်ကြားထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် ရုရှားနိုင်ငံသည် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံရမှု၊ အစိုးရမီဒီယာများ ဆိုက်ဘာတိုက်ခိုက်မှုများနှင့်ရင်ဆိုင်ရမှုစသည့်ပြဿနာများကို ရင်ဆိုင်ခဲ့ရသည်။

အက်ဖ်အက်စ်ဘီသည် တစ်ချိန်က သမ္မတပူတင်ကိုယ်တိုင် ဦးဆောင်ခဲ့ဖူးသော ရုရှားထောက်လှမ်းရေးအဖွဲ့ ဖြစ်ကြောင်း သိရသည်။

KKO

## ယူကရိန်းပြဿနာအဆုံးသတ်ရေးအတွက် ဆွေးနွေးကြရန် တရုတ်သမ္မတနှင့်ဘီလာရုစ်သမ္မတတို့ တိုက်တွန်း

**ပေကျင်း မတ် ၂**

ယူကရိန်းပဋိပက္ခကို နိုင်ငံရေးအရ အဖြေရှာရေးအတွက် အပစ်အခတ်ရပ်စဲ၍ တွေ့ဆုံဆွေးနွေးကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘီလာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုတို့က မတ် ၁ ရက်တွင် တိုက်တွန်းခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ဘီလာရုစ်သမ္မတ လူကာရှန်ကိုသည် မတ် ၁ ရက်တွင် ပေကျင်းမြို့၌ သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။


အဆိုပါ ဆွေးနွေးပွဲတွင် ဘီလာရုစ်သမ္မတနှင့် တရုတ်သမ္မတတို့က ယူကရိန်းပြဿနာကို နိုင်ငံရေးအရ အဖြေရှာ အဆုံးသတ်နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရန်နှင့် တွေ့ဆုံဆွေးနွေးရန် ပူးတွဲတိုက်တွန်းခဲ့ကြောင်း တရုတ်ပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပြဿနာ၌ ကြားနေနိုင်ငံအဖြစ် ရပ်တည်နေကြောင်း တရုတ်နိုင်ငံက ကြေညာထားပြီး ယူကရိန်းစစ်ရေး ပဋိပက္ခအတွက် ရုရှားနိုင်ငံကို အပြစ်တင်ရန် ငြင်းပယ်ထားသည်။

တရုတ်နှင့်ဘီလာရုစ် နှစ်နိုင်ငံစလုံးသည် ရုရှားနိုင်ငံ၏မဟာဗျူဟာ မိတ်ဖက်နိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် အချက် ၁၂ ချက်ပါ ငြိမ်းချမ်းရေးအဆိုပြုချက် တစ်ရပ်ကို ပြီးခဲ့သည့်လက ကြေညာထားကြောင်း သိရသည်။

KKO



## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် နိုင်ငံအတွင်း စိုက်ပျိုးမြေများ တိုးချဲ့ရန်တိုက်တွန်း

**ပြုံယမ်း မတ် ၂**

နိုင်ငံအတွင်း စားနပ်ရိက္ခာထုတ်လုပ်ရေးကို မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ရန် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က မတ် ၁ ရက်တွင် တာဝန်ရှိသူများကို တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မတ် ၁ ရက်တွင် ကျင်းပခဲ့သော လက်ရှိအာဏာရအလုပ်သမားပါတီ ဗဟိုကော်မတီ၏ မျက်နှာစုံညီ အစည်းအဝေးတွင် ဆည်မြောင်းစနစ်များ ပြုပြင်မွမ်းမံရန်၊ ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများတည်ဆောက်ရန်နှင့် စိုက်ပျိုးမြေများချဲ့ထွင်ရန် ညွှန်ကြားခဲ့ကြောင်း နိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားပြည်တွင်း၌ စားနပ်ရိက္ခာ အကျပ်အတည်းဖြစ်ပေါ်နေချိန်တွင် စားနပ်ရိက္ခာမြှင့်တင်ရေးအတွက် စိုက်ပျိုးမြေများတိုးချဲ့ရန် ကင်ဂျုံအန်က တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ ၂၀၂၂ ခုနှစ် ကောက်ပဲသီးနှံထွက်နှုန်းသည် ရာသီဥတုအခြေအနေနှင့် အခြားစီးပွားရေးပြဿနာများကြောင့် ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက လေးရာခိုင်နှုန်းကျဆင်းသွားကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းအစီအမံများကို ဆွေးနွေးရန် လက်ရှိအာဏာရပါတီ ဗဟိုကော်မတီ၏မျက်နှာစုံညီ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ စတင်ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ရေလွှမ်းမိုးမှုများနှင့် တိုင်ဖွန်းမုန်တိုင်းများကြောင့် စိုက်ပျိုးမြေများထိခိုက်ခဲ့ရသည့်အပြင် အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

## ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များရွေးချယ်ရေးအတွက် ပူးတွဲကော်မတီဖွဲ့စည်းရန် အိန္ဒိယတရားလွှတ်တော်ချုပ်ညွှန်ကြား

**ဒေလီ မတ် ၂**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ရေးအတွက် ဝန်ကြီးချုပ်နှင့် တရားသူကြီးချုပ်တို့ ပါဝင်ရမည့် ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းရန် အိန္ဒိယတရားလွှတ်တော်ချုပ်က ယနေ့တွင် ညွှန်ကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အိန္ဒိယ တရားလွှတ်တော်ချုပ်၏ အဆိုပါ ညွှန်ကြားချက်ကြောင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များကို အစိုးရကသာ ရွေးချယ်ပေးသည့် အစဉ်အလာနိဂုံးချုပ်ခဲ့ပြီဖြစ်သည်။

အိန္ဒိယရွေးကောက်ပွဲကော်မရှင်သည် ကိုယ်ပိုင်အခွင့်အာဏာများ ကျင့်သုံးခွင့်ရှိသည့် အာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။

သို့သော် အိန္ဒိယရွေးကောက်ပွဲကော်မရှင်သည် လက်ရှိအာဏာရပါတီတောင်းဆိုနေသမျှလိုက်လျောပေးနေကြောင်း အတိုက်အခံနိုင်ငံရေးပါတီများက စွပ်စွဲထားသည်။


တရား လွှတ်တော်ချုပ်၏ ညွှန်ကြားချက်အရ ဖွဲ့စည်းရမည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ရွေးချယ်ရေးကော်မတီတွင် အိန္ဒိယအောက်လွှတ်တော် အတိုက်အခံခေါင်းဆောင်များကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။

လက်ရှိ စနစ်အရ အစိုးရအဖွဲ့ဝင်များ၏ အကြံပြုချက်အတိုင်း အိန္ဒိယသမ္မတက ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ခြောက်နှစ်သက်တမ်းရှိ ကော်မရှင်အဖွဲ့ဝင် နှစ်ဦးကို ရွေးချယ်ပေးရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာတည်ရှိပြီး အပူဓာတ်အလွန်နည်းပါးသည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် မတ် ၂**

တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာတည်ရှိနေပြီး အပူဓာတ်အလွန်နည်းပါးသည့် ကြယ်နှစ်စင်းဖြင့်ဖွဲ့စည်းထားသော နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁ ရက်က ရေးသားတင်ပြထားသည်။

LP413-53 AB အမည်ရှိ အဆိုပါကြယ်စနစ်အတွင်းရှိ ကြယ်နှစ်စင်းကြား အကွာအဝေးမှာ မိုင်ပေါင်း ၁ ဒသမ ၅ သန်းခန့်သာ ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

တည်နေရာချင်း နီးလွန်းမှုကြောင့် ၎င်းကြယ်နှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း တစ်ပတ်ပတ်မိရန် ၂၄ နာရီမျှသာ အချိန်ယူရကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် LP413-53AB နှစ်စင်းတွဲကြယ်စနစ်ကို ဟာဝိုင်အီကျွန်းအခြေစိုက် ဒဗလျူအမ်ကက်စ် ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

LP413-53AB ကြယ်စနစ်အတွင်းရှိ ကြယ်များကဲ့သို့ အအေးလွန်ကြယ်ငယ်များ (Ultracool Dwarfs) သည် စကြဝဠာအတွင်း အများဆုံးတွေ့ရသော ကြယ်အမျိုးအစားများထဲတွင် ပါဝင်ကြောင်း သိရသည်။

အအေးလွန်ကြယ်များမှာ လွန်စွာအေးမြသည်ဖြစ်ရာ အလင်းရောင်အများစုကိုလည်း အနီအောက်ရောင်ခြည်ပုံစံဖြင့်သာ ထုတ်လွှတ်တတ်ကြောင်း သိရသည်။

KKO

## နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတားမဟာအာကာသတွင်းနက်အနီး၌ စတင်ဖွဲ့စည်းခါစအဆင့်သာရှိသေးသည့် သက်နုကြယ်တစ်စင်းကို သိပ္ပံပညာရှင်များ တွေ့ရှိ


**ဘာလင် မတ် ၂**

နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတားမဟာအာကာသတွင်းနက်အနီး၌ စတင်ဖွဲ့စည်းခါစ အဆင့်တွင်သာရှိသေးသည့် သက်နုကြယ်တစ်စင်းကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က မတ် ၁ ရက်က ရေးသားတင်ပြထားသည်။

X3a ကြယ်ဟု၍ အမည်ပေးထားသော အဆိုပါကြယ်၏ သက်တမ်းမှာ နှစ်အားဖြင့် သိန်းဂဏန်းမျှသာရှိပြီး လူသားမျိုးနွယ်ထက်ပင် သက်တမ်းပိုနုကြောင်း ဂျာမနီနိုင်ငံ ကိုလုန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သီအိုရီသဘောအရ X3a ကြယ်သည် ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်နှင့်ထိုမျှနီးနီးကပ်ကပ်မရှိသင့်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

X3a ကြယ်သည် အရွယ်အစားအားဖြင့် နေထက် ၁၀ ဆပိုကြီးမားပြီး ဒြပ်ထုအားဖြင့် ၁၅ ဆ ပိုများကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။




ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသ တွင်းနက်နှင့် အလွန်နီးကပ်သော နေရာများ၌ သက်နုကြယ်များ ပေါ်ထွက်လာတတ်သည်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကပင် သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါကြယ်များ မည်သို့ရောက်ရှိလာသည်၊ မည်သည့်နေရာများ၌ ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ကြယ်များဖြစ်သည်ကို ကွဲကွဲပြားပြား မသိရသေးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## နာဆာ၏ DART မစ်ရှင်မှာ အောင်မြင်မှုရှိခဲ့ပြီး ဒီမောဖော့စ်ဂြိုဟ်သိမ်၏ပတ်လမ်းကို ၃၃ မိနစ်ချုံ့ပေးနိုင်ခဲ့

**ဝါရှင်တန် မတ် ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲမှုစနစ် စမ်းသပ်ရေး(DART)မစ်ရှင်မှာ အောင်မြင်မှုရှိခဲ့ပြီး ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်၏ပတ်လမ်းကို ၃၃ မိနစ်ချုံ့ပေးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက မတ် ၁ ရက်က ရေးသားတင်ပြထားသည်။

ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းလဲမှုစနစ် စမ်းသပ်ရေးမစ်ရှင်အရ နာဆာအဖွဲ့က လွှတ်တင်ခဲ့သော DART အာကာသယာဉ်သည် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို တစ်နာရီလျှင် မိုင် ၁၄၀၀၀ အမြန်နှုန်းဖြင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ဝင်တိုက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဝင်တိုက်ခဲ့ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းမှာ ၃၃ မိနစ် ပိုတိုတောင်းသွားကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

DART အာကာသယာဉ် ဝင်တိုက်ခဲ့ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းကြာချိန်တိုတောင်းသွားမှုနှုန်းမှာ မူလမျှော်လင့်ထားသည်ထက် ငါးဆပိုမြင့်မားခဲ့သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ရှေးယခင်က ဒီမောဖော့စ်ဂြိုဟ်သိမ်သည် ၎င်းဗဟိုပြုလှည့်ပတ်နေသည့် ပင်မဂြိုဟ်သိမ်ကို တစ်ပတ်ပတ်မိရန် ၁၁ နာရီနှင့် ၅၅ မိနစ်အချိန်ယူခဲ့ရသော်လည်း DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ၁၁ နာရီနှင့် ၂၂ မိနစ်သာ အချိန်ယူရတော့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒီမောဖော့စ် ဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၆ ဒသမ ၈ သန်းအကွာတွင် တည်ရှိသော ဒီးဒီးမော့စ်အမည်ရှိ ဂြိုဟ်သိမ်ကို ဗဟိုပြုလှည့်ပတ်နေခြင်းဖြစ်သည်။

KKO

# HEALTH

## တစ်ရက်လျှင် ၁၁ မိနစ် လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ရောဂါကြောင့်အရွယ်မတိုင်မီသေဆုံးနိုင်ခြေလျှော့ချနိုင်

**လန်ဒန် မတ် ၂**

တစ်ရက်လျှင် ၁၁ မိနစ်ကြာမျှ ခပ်မြန်မြန်လမ်းလျှောက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြင့် ရောဂါဘယများကြောင့်အရွယ်မတိုင်မီသေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၁ ရက်က ရေးသားတင်ပြထားသည်။

အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် အရွယ်ရောက်သူများ အနေဖြင့် အထိုက်အလျောက် အားစိုက်ရသော လေ့ကျင့်ခန်းများကို ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ သို့မဟုတ် ပြင်းပြင်းထန်ထန် အားစိုက်ရသောလေ့ကျင့်ခန်းများကို ရက်သတ္တတစ်ပတ်လျှင် ၇၅ မိနစ်ကြာ ပြုလုပ်သင့်ကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဆေးပညာရှင်များ အကြံပြုထားသော အချိန်ကာလ၏ ထက်ဝက်မျှအချိန်ပေး၍ လေ့ကျင့်ခန်းပြုလုပ်ခဲ့လျှင်ပင် နှလုံးရောဂါ၊ လေဖြတ်မှုနှင့် ကင်ဆာရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စက်ဘီးစီးခြင်း၊ တောင်တက်ခြင်းကဲ့သို့ အထိုက်အလျောက် အားစိုက်ရသည့် လေ့ကျင့်ခန်းများကို ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး ၇၅ မိနစ်အချိန်ပေး၍ လုပ်ခဲ့လျှင်ပင် အထက်ပါရောဂါဘယများကြောင့် အရွယ်မတိုင်မီ သေဆုံးနိုင်ခြေကို ၂၃ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ရက်သတ္တတစ်ပတ်လျှင်အနည်းဆုံး ၇၅ မိနစ် အချိန်ပေး၍ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှု ၂၀ လျှင် တစ်ခုကို တားဆီးနိုင်မည်ဖြစ်ပြီး ကင်ဆာဖြစ်ပွားမှု ၃၀ လျှင် တစ်ခုကို တားဆီးနိုင်မည်ဖြစ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## ဗီတာမင်-ဒီ ကို နေ့စဉ်မှီဝဲခြင်းဖြင့် Dementia ဖြစ်နိုင်ခြေ လျှော့ချနိုင်

**လန်ဒန် မတ် ၂**

ဗီတာမင်-ဒီကို နေ့စဉ်မှီဝဲခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ကျဆင်းမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၁ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နှင့်ကနေဒါ သုတေသနပညာရှင်များသည် လူဦးရေပေါင်း ၁၂၃၈၈ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှထွက်ပေါ်လာသည့် ရလဒ်များအရ ဗီတာမင်-ဒီ နေ့စဉ်မှီဝဲသူများအစု၌ Dementia ဖြစ်ပွားနှုန်းမှာ ဗီတာမင်-ဒီ မသုံးသူများအစု ဖြစ်ပွားနှုန်းထက် ၄၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ဗီတာမင်-ဒီ ပုံမှန်မှီဝဲမှုကြောင့် Dementia ဖြစ်နိုင်ခြေ ကျဆင်းမှု အကျိုးတရားကို အမျိုးသမီးများ၌ ပိုတွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗီတာမင်-ဒီ သည် ဦးနှောက်အတွင်း အဆိပ်အတောက်ရှိ ပရိုတင်းများစုစည်းမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယုံကြည်ထားသည်။

ဗီတာမင်-ဒီကို အဆီများသည့် ငါးကဲ့သို့ အစားအစာများမှရယူနိုင်ပြီး နေရောင်နှင့်အရေပြားထိတွေ့ချိန်တွင်လည်း ခန္ဓာကိုယ်က အလိုအလျောက် ထုတ်ပေးတတ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

ML

**အတ္တလန်တာ Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၄-၃-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၂ - ၂ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အတ္တလန်တာ** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **အူဒီးနီးစ်** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားတဲ့ အတ္တလန်တာအသင်းဟာ ကစားသမားစုပွဲမှုအားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရှာရမှာဖြစ်ပြီး ဥရောပဝင်ခွင့်သေချာဖို့ ကြိုးပမ်းရမှာပါ။ အူဒီးနီးစ်အသင်းကတော့ ခံစစ်ပိုင်းအားနည်းနေတာကြောင့် ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး နိုင်ပွဲမရသေးပါဘူး။ ဒါကြောင့် ကစားသမားစုပွဲမှုသာလွန်တဲ့အတ္တလန်တာအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အတ္တလန်တာ ၂ – ၁ အူဒီးနီးစ်**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်စီးတီး Vs နယူးကာဆယ်**

**ကစားမည့်ရက်/အချိန် ၄-၃-၂၀၂၃ (ည ၇း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နယူးကာဆယ် ၃ – ၃ မန်စီးတီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်စီးတီး** | – | **ဝေး(သရေ)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **နယူးကာဆယ်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

မန်စီးတီးအသင်းဟာ ခံစစ်ပိုင်းအားနည်းချက်ရှိပေမဲ့ကစားပုံပြောင်းလဲခဲ့တာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာပြီး တိုက်စစ်ပိုင်း ဂိုးသွင်းအားကောင်းလာတာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကတော့ နောက်ဆုံးအဝေးကွင်း နှစ်ပွဲစလုံး နိုင်ပွဲမရခဲ့သလို ခံစစ်ပိုင်းက ပေးဂိုးသုံးဂိုးရှိခဲ့ပါတယ်။ ဒါကြောင့် ကစားသမားစုပွဲမှုနဲ့ ခြေစွမ်းကောင်းတဲ့ မန်စီးတီးအသင်းကို အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်စီးတီး ၂ – ၁ နယူးကာဆယ်**

**ချဲလ်ဆီး Vs လိဒ်**

**ကစားမည့်ရက်/အချိန် ၄-၃-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိဒ် ၃ – ၀ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ချဲလ်ဆီး** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **လိဒ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |

ခြောက်ပွဲဆက်နိုင်ပွဲပျောက်နေတဲ့ချဲလ်ဆီးအသင်းအတွက် မဖြစ်မနေ နိုင်ပွဲရှာရမှာဖြစ်တာကြောင့် နည်းပြပေါ်တာအနေနဲ့ ကစားသမားအစုံအလင်နဲ့ပွဲထွက်ပြီး တိုက်စစ်မြှင့်ကစားလာမှာပါ။ လိဒ်အသင်းကတော့ အဓိက ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် ရလဒ်ကျဆင်းနေပြီး ခံစစ်အားနည်းနေလို့ ချဲလ်ဆီးတိုက်စစ်ကိုထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ရှင် ချဲလ်ဆီးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ချဲလ်ဆီး ၁ – ၀ လိဒ်**

### အားကစားသတင်း အတိုအထွာများ

- ဖီနာဘာချီအသင်းက လီဗာပူးအသင်းကွင်းလယ်ကစားသမား အယ်ကန်တာရာကို လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ယူရို ၈ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- အေဗီကိုအသင်းက ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူး မိုရာတာကိုဘတ္တာရေးလိုအပ်ချက်ကြောင့် ရောင်းချရန် စီစဉ်နေကြောင်း သိရသည်။
- ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုအတွင်း သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်ခဲ့သည့် ပြင်သစ်တိုက်စစ်မှူးဟောင်းဖောင်တိန်သည် အသက် ၈၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ML

## အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်တွင် မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ



**လန်ဒန် မတ် ၂**

ယနေ့ယှဉ်ပြိုင်ခဲ့သည့် အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်များ အပြီးတွင် မဲခွဲပွဲ ကျင်းပပြုလုပ်ခဲ့ရာ ကွာတားဖိုင်နယ်အဆင့်တွင် မန်ယူအသင်းက ပရီးမီးယားလိဂ်ပြိုင်ဘက် ဖူလ်ဟမ်အသင်းနှင့် တွေ့ဆုံနေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် မန်စီးတီးအသင်းက ချန်ပီယံရှစ် ကလပ် ဘန်လေအသင်းနှင့်လည်းကောင်း၊ ဂရင်းဘိုင်အသင်းက ဘရိုက်တန်အသင်းနှင့်လည်းကောင်း၊ ရှက်ဖီးလ် (U)အသင်းက ဘလက်ဘန်းအသင်းနှင့်လည်းကောင်း၊ မန်ယူအသင်းက ဖူလ်ဟမ်အသင်းနှင့်လည်းကောင်း ထိပ်တိုက် တွေ့ဆုံနေကြောင်း သိရသည်။

မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲကို တတိယအဆင့်မှ စတင်ကစားခဲ့ရသော်လည်း အဲဗာတန်အသင်းနှင့် တွေ့ဆုံခဲ့ရာ သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး စတုတ္ထအဆင့်တွင် ရီးဒင်းအသင်းကို သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ယခုပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အဆင့်တိုင်းတွင် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ပြိုင်ဘက် ဖူလ်ဟမ်အသင်းနှင့် တွေ့ဆုံနေသော်လည်း နောက်တစ်ဆင့်တက်ရောက်ရန် သေချာလျက်ရှိနေသည်။

အဆိုပါပွဲစဉ်များကို လာမည့် မတ် ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သော်လည်း ပွဲစဉ်ရေးဆွဲမှုအရ မန်ယူအသင်းသည် ဘန်လေအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် တွေ့ဆုံရန် သေချာနေကြောင်း သိရသည်။ ML

## PGA Tour ပြိုင်ပွဲများအား ၂၀၂၄ ခုနှစ်တွင် ပုံစံသစ်များဖြင့် ကျင်းပသွားမည်

**ဝါရှင်တန် မတ် ၂**

အမေရိကန်အခြေစိုက် PGA Tour အဖွဲ့ချုပ်သည် ၂၀၂၄ ခုနှစ်တွင် PGA Tour ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ ၁၆ ရပ်ကို ပုံစံသစ်ဖြင့် ပြောင်းလဲကျင်းပသွားမည်ဖြစ်သလို ပြိုင်ပွဲဝင် ကစားသမားဦးရေကိုလည်းလျှော့ချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု SN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

PGA Tour ၏ ပြိုင်ပွဲတစ်ရပ်လျှင် ပြိုင်ပွဲဝင်ကစားသမားဦးရေ ၈၀ သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲဝင်ကစားသမားအားလုံးသည် ပြိုင်ပွဲပြီးဆုံးသည်ထိ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

လက်ရှိ ကျင့်သုံးနေသည့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေမျိုး ရောက်နေသော ကစားသမားများအား Cut စာရင်းတွင် ထည့်သွင်းပြီး ပြိုင်ပွဲမှထွက်ခွာစေမည့် စနစ်ကို ပယ်ဖျက်ကာမည်သို့သော ရလဒ်မျိုးထွက်ပေါ်စေကာမူ ပြိုင်ပွဲဝင်တိုင်း နောက်ဆုံးနေ့ထိ ယှဉ်ပြိုင်ခွင့် ရတော့မည်ဖြစ်သည်။

နာမည်ကြီး ကစားသမားတချို့က PGA Tour ၏ ပုံစံသစ်ဖြင့် ကျင်းပမည့်အစီအစဉ်ကို ထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်ခဲ့ကြသည်။

PGA Tour အနေဖြင့် အင်္ဂလန်နိုင်ငံတွင် အခြေစိုက်သည့် ဆော်ဒီနိုင်ငံကငွေကြေးထောက်ပံ့ပေးနေသော LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲကို စိန်ခေါ်နိုင်စေရေးအတွက် ပြိုင်ပွဲဝင်များ ပိုမိုစိတ်ဝင်စားလာအောင်PGA Tour ၏ ကျင်းပပုံစနစ်ကို ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်းလည်း PGA Tour ကထုတ်ပြန်ခဲ့သည်။

PGA Tour သည် ဆုကြေးငွေကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပြောင်းရွှေ့သွားခဲ့သော နာမည်ကြီး ကစားသမားများ PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲဘက် ပြန်လည်ရွှေ့ပြောင်းလာစေရေးအတွက်လည်း PGA Tour အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ AZL

## Mexican Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် ဒီမီနောက တာရိုဒန်နီရယ်လ်နှင့် ယှဉ်ပြိုင်ကစားရမည်

**မက္ကဆီကိုစီးတီး မတ် ၂**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Mexican Open တင်းနစ်ပြိုင်ပွဲဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဩစတြေးလျတင်းနစ်ကစားသမားဒီမီနောနှင့် အီတလီတင်းနစ်ကစားသမား ဘာရက်တီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီနောက (၆-၁၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ATP က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီမီနောသည် အကောင်းဆုံး ပုံစံရခဲ့ပြီး လက်ရည်စစ်ပွဲအဆင့်မှ တက်ရောက်လာသည့် ဘာရက်တီနီအား ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒီမီနောသည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၈) သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ချန်ပီယံကို စိန်ခေါ်နိုင်သည့် လက်စွမ်းမျိုးပြသသွားနိုင်ခဲ့သည်။

ဒီမီနောသည် ယခုနှစ် တင်းနစ်ရာသီတွင် ATP Tour တင်းနစ်ပြိုင်ပွဲများ၌ သုံးကြိမ်ဆက်တိုက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် လက်ရှိကမ္ဘာ့အဆင့် ရပ်တည်ချက်မှာလဲ အဆင့် (၂၂) ထိ ရောက်ရှိလာပြီဖြစ်သည်။

ဒီမီနောသည် ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ခြေအဆင့် (၂) အဖြစ် သတ်မှတ်ခံထားရသော နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရွှဒ်အား အနိုင်ရရှိခဲ့သည့် ဂျပန်တင်းနစ်ကစားသမား တာရိုဒန်နီရယ်လ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



တာရိုဒန်နီရယ်လ်သည် ကပ်စပါရွှဒ်အား (၇-၅၊ ၂-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

တာရိုဒန်နီရယ်လ်သည် ကပ်စပါရွှဒ်အား ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန်မှာလည်း ၂ နာရီ ၅၈ မိနစ်ထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။ AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် မတ် ၂**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့် ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုအတွက် ဆန်ခါတင် စာရင်းထုတ်ပြန်ကြေညာခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်၊ လက်စတာအသင်းမှ နာချို၊ အေဗီလာအသင်းမှ ဝက်စ်ကင်၊ ဖူလ်ဟမ်အသင်းမှ ဆော်လမန်နှင့် ဂိုးသမား လီနို၊ စပါးအသင်းမှ အီမာဆင်တို့ ပါဝင်လာခဲ့ကြသည်။

ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည့်ကစားသမားများမှ မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်သည် ဖေဖော်ဝါရီလအတွင်း ကစားခဲ့သည့် လေးပွဲတွင် ငါးဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်တစ်လတာ အကောင်းဆုံး ကစားသမားဆုကို နှစ်လဆက်ရရှိရန်အတွက် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသည်။

အလားတူ တစ်လတာ အကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင် စာရင်းတွင်လည်း မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာပါဝင်လာခြင်း မရှိခဲ့ဘဲ စပါးအသင်းကို ဖေဖော်ဝါရီလအတွင်း တစ်ပွဲသာတာဝန်ယူကိုင်တွယ်ခဲ့ပြီး တစ်ပွဲရှုံးနိမ့်ခဲ့သည့် နည်းပြ ကွန်တီအနေဖြင့် အံ့အားသင့်ဖွယ် ပါဝင်လာခဲ့သည်။


တစ်လတာ အကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင် ကွန်တီနှင့်အတူမန်ယူအသင်းနည်းပြ တန်ဟတ်နှင့် အာဆင်နယ်အသင်းနည်းပြ အာတီတာတို့ပါဝင်လာခဲ့ကြကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းမှ ခံစစ်ကစားသမားဘန်ချီဝဲလ်ကိုခေါ်ယူရန် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကြိုးပမ်း

**မန်ချက်စတာ မတ် ၂**

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားသည့် ခံစစ်ကစားသမားကန်ဆယ်လို၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ဘန်ချီဝဲလ်ကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။



ဘန်ချီဝဲလ်သည် ယခုနှစ် ဘောလုံးရာသီတွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် အမှတ်ပေးပြိုင်ပွဲ ၁၃ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ကစားသမား သစ်အမြောက်အမြား ခေါ်ယူထားသည့်အတွက် လာမည့်နွေရာသီတွင် ဝင်ငွေ၊ ထွက်ငွေ မျှတမှုရှိစေရန်အတွက် ၎င်းကိုရောင်းချရန် စီစဉ်နေသကဲ့သို့ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၉ သန်း ရရှိပါက လက်လွှတ်မည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အသက် ၂၆ နှစ်ရှိ ဘန်ချီဝဲလ်ကလည်း ဒဏ်ရာသက်သာလာသည့်အချိန်မှစ၍ နည်းပြ ပေါ်တာလက်အောက်၌ ပုံမှန်ကောင်းရရှိရန် ရှန်းကန်နေရပြီး အရန်ခုံတွင်သာ အချိန်ကုန်နေရသည့်အတွက် နည်းပြဂွါဒီယိုလာ၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေကာ လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာရန် စီစဉ်နေကြောင်း သိရသည်။

ခံစစ်ကစားသမား ဘန်ချီဝဲလ်သည် ၂၀၁၇ ပြည့်နှစ်က လက်စတာအသင်းမှ ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပွဲဦးထွက် ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ၌သုံးဂိုးသွင်းယူကာ ဂိုးဖန်တီးမှုငါးကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသော်လည်း ခုနစ်ပွဲတွင် သုံးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း အမှတ်ပေးပြိုင်ပွဲ ၁၃ ပွဲတွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နည်းပြဂွါဒီယိုလာကခံစစ်ပိုင်းဖြည့်တင်းရန်အတွက် ဘန်ချီဝဲလ်ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးခဲ့သည့် အာဂျင်တီးနားအသင်းဖော်အားလုံးကို မက်ဆီက ရွှေအစစ်ဖြင့် ပြုလုပ်ထားသည့် အိုင်ဖုန်းများလက်ဆောင်ပေးခဲ့

**ဗျူနိုစ်အေရိစ် မတ် ၂**

အာဂျင်တီးနား အသင်းခေါင်းဆောင် မက်ဆီက ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာ၌ ပါဝင်ခဲ့သည့် အသင်းဖော်အားလုံးကို ရွှေအစစ်ဖြင့်ပြုလုပ်ထားသည့် နောက်ဆုံးပေါ် အိုင်ဖုန်းများကို လက်ဆောင်ပေးခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဂျင်တီးနား အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် အံ့အားသင့်ဖွယ် ဆော်ဒီအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များဆက်တိုက်ကောင်းမွန်လာခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသည် မက်ဆီအနေဖြင့် အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားပေးသည့် နောက်ဆုံးပြိုင်ပွဲတစ်ခုဖြစ်လာနိုင်သော်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်းဖော်အားလုံးကို ရွှေအစစ်ဖြင့် ပြုလုပ်ထားသည့် နောက်ဆုံးပေါ် အိုင်ဖုန်း-၁၄ အမျိုးအစားကို လက်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မက်ဆီက အသင်းဖော်များကို ပေးအပ်မည့် ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် အိုင်ဖုန်းများကို ရွှေထည်ဒီဇိုင်းပညာရှင် Idesign-gold ထံ သီးသန့်ပြုလုပ်စေခဲ့ပြီး အိုင်ဖုန်းကာဗာနှင့် ကိုယ်ထည်များကို ရွှေသားအစစ်ဖြင့် ပြုလုပ်ထားပြီး အိုင်ဖုန်းနောက်ကျောဘက်တွင်လည်း အာဂျင်တီးနားအသင်းတံဆိပ်နှင့် ဖုန်းတစ်လုံးချင်းစီတိုင်းတွင် ကစားသမားတစ်ဦးချင်း၏ နာမည်များနှင့် ၎င်းတို့ဝတ်ဆင်ခဲ့သည့် ကျောနံပါတ်များကိုပါ ထည့်သွင်းပြီး တစ်ဦးချင်းစီကို ပေးအပ်ခဲ့ကြောင်း သိရသည်။

STA

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

STA

## ဂလာဘတ် Vs ဖရိုင်းဘတ်

**ကစားမည့်ရက်/အချိန် ၄-၃-၂၀၂၃ (ည ၀၇:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၀ – ၀ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဖရိုင်းဘတ် | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

ဖရိုင်းဘတ်အသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်တောင်မျှော်လင့်ချက်ရှိနေလို့ အနိုင်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိဂလာဘတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှန်းကန်နေရပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရတော့ ဖရိုင်းဘတ်အသင်း အသာစီးမှာရှိနေလို့ ဖရိုင်းဘတ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂလာဘတ် ၂ – ၃ ဖရိုင်းဘတ်**

## စတုဂတ် Vs ဘိုင်ယန်မြူးနစ်

**ကစားမည့်ရက်/အချိန် ၄-၃-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၂ – ၂ စတုဂတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဘိုင်ယန်မြူးနစ် | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ချန်ပီယံဆုအတွက် ရမှတ်ကွာဟမှုမရှိလို့ ဘိုင်ယန်မြူးနစ်အသင်းဟာ အဝေးကွင်းဆိုပေမဲ့ ရမှတ်ပြည့်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိစတုဂတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – စတုဂတ် ၀ – ၃ ဘိုင်ယန်မြူးနစ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

STA

## လန်း Vs လိုင်လီ

**ကစားမည့်ရက်/အချိန် ၄-၃-၂၀၂၃ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၁ – ၀ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | – | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| လိုင်လီ | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ လန်းအသင်းဟာ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမဲ့ အိမ်ကွင်းဆိုရင်တော့အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိပါတယ်။ လိုင်လီအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲနောက်ပိုင်းပွဲတွေမှာစိတ်ချလို့မရပါဘူး။ ခြေစွမ်းပိုင်းကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ လန်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လန်း ၂ – ၁ လိုင်လီ**

## ပီအက်စ်ဂျီ Vs နန့်တက်

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နန့်တက် ၀ – ၃ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | – | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| နန့်တက် | – | အိမ်(ရှုံး) | အိမ်(ရှုံး) | အိမ်(နိုင်) |

နန့်တက်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းအရ အဝေးကွင်းမှာ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ခြေစွမ်းပိုင်းကလဲ နန့်တက်အသင်းကိုအနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ပီအက်စ်ဂျီ ၃ – ၁ နန့်တက်**

# အသံလွန်ခေတ်တွင် လေယာဉ်တင်သင်္ဘောတည်ဆောက်နေသော အမေရိကန်



အမေရိကန်သည် တိုးတက်လာသော အသံလွန်နည်းပညာနှင့် လက်နက်များကြောင့် ၎င်းတို့၏မဟာဗျူဟာနှင့်ဟန်တားနိုင်စွမ်းအပေါ် သံသယဖြစ်ပေါ်လာသည့်အချိန်တွင် လေယာဉ်တင်သင်္ဘောများကို ဆက်လက်တည်ဆောက်နေဆဲပင်ဖြစ်သည်။ ယခုနှစ် ပထမလေးလတာကာလအတွင်း Gerald Ford အတန်းအစား John F Kennedy (CVN 79) လေယာဉ်တင်သင်္ဘောကို တိုက်ခိုက်မှုစနစ်များ စမ်းသပ်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်သွားနိုင်မည်ဟု မျှော်မှန်းထားရှိသည်။

အဆိုပါ လေယာဉ်တင်သင်္ဘောတည်ဆောက်သည့် Huntington Ingalls Industries(HII) မှဥက္ကဋ္ဌဖြစ်သူ ခရစ္စတိုဖာကက်စနာက CVN 79 Kennedy သည် စမ်းသပ်မောင်းနှင်ရာတွင် ကောင်းမွန်စွာလုပ်ဆောင်နိုင်ကြောင်း၊ ရေ၊ မီး၊ လေအေးပေးမှုနှင့် လေသန့်မှုစနစ်များကိုလည်း တပ်ဆင်ထားပြီးဖြစ်ကြောင်း၊ အီလက်ထရိုမဂ္ဂနက်တစ်လေယာဉ်ပျံတက်မှုစနစ် (EMALS)ကို ၂၀၂၂ ခုနှစ်ကတည်းက စတင်စမ်းသပ်လျက်ရှိကြောင်း၊ လာမည့်လအတွင်း တိုက်ခိုက်ရေးစနစ်များကို စမ်းသပ်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အမေရိကန်လွှတ်တော် စစ်ဘက်ရေးရာ သုတေသနဌာန (CRS)၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အစီရင်ခံစာအရ Gerald Ford အတန်းအစားသည် Nimitz အတန်းအစား အကြီးစားလေယာဉ်တင်သင်္ဘောများကို ဆက်ခံသွားမည့်လေယာဉ်တင်သင်္ဘောအမျိုးအစားပင်ဖြစ်ကြောင်း၊ Gerald Ford သည် Nimitz ၏ သင်္ဘောကိုယ်ထည်ကို အသုံးပြုထားသော်လည်း အီလက်ထရွန်နစ်စနစ်ပိုင်းဆိုင်ရာများ၊ သင်္ဘောသားများစွာအသုံးပြုနိုင်သော အလိုအလျောက်စနစ်များကို အဆင့်မြှင့်တင်တပ်ဆင်ထားရှိကြောင်း၊ လက်ရှိ လေယာဉ်တင်သင်္ဘောသည် Nimitz လောက် လူအင်အားအသုံးပြုရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။

Gerald Ford အတန်းအစားသည် နှစ်ပေါင်း ၄၀ အတွင်း အမေရိကန်၏ပထမဆုံးသောအကြီးစားလေယာဉ်တင်သင်္ဘော ဒီဇိုင်းပင်ဖြစ်ပြီး တိုက်ခိုက်ရေးလေယာဉ်အစင်း ၉၀၊ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ တင်ဆောင်ကာ ပင်လယ်ပြင်တွင် ရက်ပေါင်း ၁၆၀ ထိ တာဝန်ထမ်းဆောင်နိုင်သည်။ ထို့ပြင် သမားရိုးကျလောက် လွှဲစနစ်များမှသည် EMALS စနစ်တပ်ဆင်ထားသော ပထမဆုံး အမေရိကန်လေယာဉ်တင်သင်္ဘောလည်း ဖြစ်သည်။ EMALS သည် လေယာဉ်ကိုယ်ထည်များကို ထိခိုက်မှုသက်သာစေခြင်း၊ ပြုပြင်ထိန်းသိမ်းမှုလျှော့ချနိုင်ခြင်း၊ ဆင်းသက်ချိန်လျှော့ချနိုင်ခြင်းနှင့် လေယာဉ်များကို လက်နက်နှင့်စက်သုံးဆီများ ပိုမိုတင်ဆောင်ကာ ပျံတက်နိုင်ခြင်းစသည့်အားသာချက်များရရှိစေသည်။

သို့သော် မျက်မှောက်ကာလတွင် လေယာဉ်တင်သင်္ဘောများအသုံးပြုရေးနှင့်စပ်လျဉ်း၍ ရေတပ်များတွင် အငြင်းပွားလျက်ရှိကြသည်။ လေယာဉ်တင်သင်္ဘောများသည် နယ်မြေအတွင်းဝင်ရောက်ခွင့်တားဆီးခြင်း၊ ငြင်းပယ်ခြင်း(A2/AD) ပြင်ပတွင် တာဝန်ထမ်းဆောင်နိုင်သည့် လေတပ်စခန်းများအဖြစ် အခြေစိုက်နိုင်သောကြောင့် ဆက်လက်အသုံးဝင်နေဆဲပင်ဖြစ်သည်။ ထို့ပြင် လေယာဉ်တင်သင်္ဘောများသည် ကုန်းမြေအခြေစိုက်လေတပ်စခန်းများထက် သက်ရှင်ကြွင်းကျန်ခွင့်အလားအလာ ပိုမိုကောင်းမွန်လျက်ရှိသည်။

ပြင်သစ်၊ အိန္ဒိယ၊ ဂျပန်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်ကဲ့သို့ ရေတပ်အင်အားကြီးနိုင်ငံများသည် လေယာဉ်တင်သင်္ဘောများကို အင်အားကြီးမားမှုပြယုဂ်အဖြစ် ဆက်လက်အသုံးပြုနေဆဲဖြစ်ပြီး ခေတ်မီစစ်သင်္ဘောများကို ဂုဏ်သိက္ခာတစ်ရပ်အဖြစ် ပြသလျက်ရှိကြသည်။ လေယာဉ်တင်သင်္ဘောများသည် ရေတပ်၏မစ်ရှင်များကို ပြသနေသည့်အပြင် စစ်လက်ရုံးဆန့်တန်းမှုစွမ်းဆောင်ရည်များကိုလည်း ပြသလျက်ရှိကြသည်။ ထို့ကြောင့် အမေရိကန်တပ်ဖွဲ့သည် ကမ္ဘာလုံး အတိုင်းအတာဖြင့် အင်အားဖြန့်ကြက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ လေယာဉ်တပ်သင်္ဘောအုပ်သည် ဂျပန်နိုင်ငံ၏ တောင်ပိုင်းစွန်းကျွန်းများအနီးတွင် တပ်ဖြန့်ချထားသလို ရုရှားနိုင်ငံ၏ Admiral Kuznetsove လေယာဉ်တင်သင်္ဘောသည် ဆီးရီးယားကမ်းခြေအလွန်တွင် တပ်ဖြန့်ချထားလျက်ရှိသည်။ အမှန်တော့ နည်းပညာများမြင့်မားလာသောခေတ်ကြီးတွင် လေယာဉ်တင်သင်္ဘောများသည် လုံးလုံးလျားလျား မှီခိုအားထားနိုင်ရခြင်းမရှိသော်လည်း နိုင်ငံရေးနှင့် ဂုဏ်သိက္ခာအကြောင်းပြချက်ဖြင့် လေယာဉ်တင်သင်္ဘောများ ဆက်လက်တည်ဆောက်လျက်ရှိကြသည်။

တရုတ်ရေတပ်မှ စီမံကိန်းရေးဆွဲသူများသည် အမေရိကန်လေယာဉ်တင်သင်္ဘောများ၏ အားနည်းချက်ကိုလေ့လာလျက်ရှိသည်။ အထူးသဖြင့် နောက်ဆုံးပေါ်သင်္ဘောဖျက်ဒုံးကျည်များဖြင့် အမေရိကန်လေယာဉ်တင်သင်္ဘောများကို လက်ဦးမှုရယူတိုက်ခိုက်နိုင်ရန် လေ့လာဖော်ထုတ်လျက်ရှိသည်။ တရုတ်နိုင်ငံသည် အမေရိကန်စစ်သင်္ဘောများနှင့် အခြေခံအဆောက်အအုံများကို အသံလွန်လက်နက်များဖြင့် တိုက်ခိုက်ရန် လေ့ကျင့်လျက်ရှိသည်။ အမေရိကန်လေယာဉ်တင်သင်္ဘောများ၊ ဖျက်သင်္ဘောများနှင့် ရေတပ်အခြေစိုက်စခန်းများကို ဒုံးကျည်ဖြင့် တိုက်ခိုက်သည့် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ နည်းပညာများ မြင့်မားလာခြင်းသည် မျက်မှောက်ခေတ်ရေတပ်များတွင် လေယာဉ်တင်သင်္ဘောများ၏အခန်းကဏ္ဍ လျော့ကျလာစေသဖြင့် ရေတပ်ဆိုင်ရာ သဘောတရားများကို အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်လိုအပ်လာခဲ့သည်။ အသံလွန်ဒုံးကျည်များသည် လေယာဉ်တင်သင်္ဘောများကို အဓိကသင်္ဘောများအဖြစ်အသုံးပြုနိုင်ခြင်းမရှိစေတော့သည့်အပြင် ရန်သူစစ်မြေပြင်အနီးတွင် ၎င်းတို့၏မဟာဗျူဟာမြောက်အသုံးပြုနိုင်မှုကိုလည်း မေးခွန်းထွက်ပေါ်လာစေလျက်ရှိသည်။

လေယာဉ်တင်သင်္ဘောများသည် အကန့်အသတ်ဖြင့်တာဝန်ထမ်းဆောင်နိုင်ပြီး ပဋိပက္ခဖြစ်ပွားသည့်အခြေအနေတွင် စွန့်စားရနိုင်ခြေများသည်ဟု ရှုမြင်လာမည်ဆိုလျှင် မည်သည့်အတွက်ကြောင့် ဒေါ်လာဘီလီယံပေါင်းများစွာ အကုန်အကျခံ၍ လေယာဉ်တင်သင်္ဘောများ တည်ဆောက်နေသလဲဆိုသော မေးခွန်းများ ထွက်ပေါ်လာဖွယ်ရာရှိနေသည်။ မည်သို့ပင်ဆိုစေ လေယာဉ်တင်သင်္ဘောများသည် အကြီးစားလေယာဉ်တင်သင်္ဘောပုံစံများမှသည် ပုံစံအမျိုးမျိုးဖြင့် ဆက်လက်တည်ရှိနေဖွယ်ရာရှိနေသည်။

အကြီးစားလေယာဉ်တင်သင်္ဘောများမှ ၎င်း၏ရေတပ်မဟာဗျူဟာပြောင်းလဲရန် အလေးထားနေသော အမေရိကန်သည် အပေါ့စားလေယာဉ်တင်သင်္ဘောများတည်ဆောက်ရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ အသေးစားလေယာဉ်တင်သင်္ဘောများသည် တိုက်ခိုက်ရေးလေယာဉ် အစင်း ၂၀ တင်ဆောင်ကာ ပေါ့ပေါ့ပါးပါး တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အကြီးစားလေယာဉ်တင်သင်္ဘောများသည် တိုက်ခိုက်ရေးလေယာဉ်အစင်း ၅၀ ကျော် သယ်ဆောင်နိုင်သည်။ ထို့ပြင် အပေါ့စားလေယာဉ်တင်သင်္ဘောတည်ဆောက်ခြင်းသည် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ သင်္ဘောဝမ်းပိုမိုနက်အောင် တည်ဆောက်နိုင်ခြင်းနှင့် ရေတပ်ဆိုင်ရာလေတပ်စွမ်းအားကို မြှင့်တင်နိုင်ခြင်း စသည့်အားသာချက်များရှိစေသည်။ ထို့ပြင် အပေါ့စားလေယာဉ်တင်သင်္ဘောများသည် ကမ်းထိုးစစ်ဆင်ရေးများမှသည် အနီးကပ်လေကြောင်းအထောက်အကူနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များထိ စစ်ဆင်ရေးနယ်ပယ်အားလုံးတွင် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိစေသည်။

သို့သော် အပေါ့စားလေယာဉ်တင်သင်္ဘောသည် ကုန်းမြေအခြေစိုက် A2/ AD ပလက်ဖောင်းများ၏ စွမ်းဆောင်ရည်နှင့်နှိုင်းယှဉ်လျှင် အကြီးစားလေယာဉ်တင်သင်္ဘောများကဲ့သို့ပင် အသံလွန်ဒုံးကျည်များ၏ တိုက်ခိုက်မှုအန္တရာယ်ကို ကြုံတွေ့ရနိုင်သည်။ ထို့ပြင် တိုက်လေယာဉ်အုပ်၏ စွမ်းဆောင်ရည်ပိုင်းတွင် ကန့်သတ်ချက်ရှိနေခြင်းသည်လည်း ရန်သူ၏ လေကြောင်းထိုးစစ်ကို ကာကွယ်နိုင်မှုအလားအလာနည်းပါးလျက်ရှိသည်။ လေယာဉ်တင်သင်္ဘောများသည် လေယာဉ်များတင်ဆောင်ထားသော လေတပ် အခြေစိုက်စခန်းများအဖြစ်အသုံးပြုနေသော စစ်သင်္ဘောများပင်ဖြစ်သည်။ အမေရိကန်ရေတပ်တွင် တိုက်ခိုက်ရေးလေယာဉ် တင်သင်္ဘော၊ အကြီးစားလေယာဉ်တင်သင်္ဘော၊ အပေါ့စားလေယာဉ်တင်သင်္ဘော၊ ချူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောဟူ၍ အတန်းအစားခွဲထားလေ့ရှိသည်။ ပထမဆုံးလေယာဉ်တင်သင်္ဘောဖြစ်သည့် USS Langley (CV-1) ကို ၁၉၂၂ ခုနှစ် မတ် ၂၀ ရက်တွင် တပ်တော်ဝင်ခဲ့သည်။

လက်ရှိအချိန်ထိ ကမ္ဘာ့ရေတပ် ၁၄ ခု၌ လေယာဉ်တင်သင်္ဘော ၄၇ စီး တပ်ဖြန့်ချထားလျက်ရှိသည်။ အမေရိကန်ရေတပ်တွင် အကြီးစားလေယာဉ်တင်သင်္ဘော ၁၁ စီး တာဝန်ထမ်းဆောင်လျက်ရှိပြီး သင်္ဘောတစ်စီးတွင် အနည်းဆုံးတိုက်လေယာဉ်အစင်း ၈၀ ထိ တင်ဆောင်နိုင်စွမ်းရှိသည်။ အမှန်တော့ လေယာဉ်တင်သင်္ဘောများကို ပင်လင်ပြင်တွင် စွမ်းဆောင်ရည်မြင့်မားသောတိုက်ခိုက်ရေးတပ်ဖွဲ့များအဖြစ် တပ်ဖြန့်ချထားနိုင်စွမ်းရှိသည်။ လေယာဉ်တင်သင်္ဘောတစ်စင်း၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်သည် ကုန်းပတ်၊ နေရာချထားနိုင်မှုနှင့် အုပ်ချုပ်ထောက်ပံ့မှုတို့အပေါ်တွင်များစွာမူတည်လျက်ရှိသည်။

ဆိုရလျှင် လေယာဉ်တင်သင်္ဘောများသည် အမေရိကန်ကဲ့သို့ ပင်လယ်ပြင်ဝိုင်းရံထားသော နိုင်ငံများအတွက်မူ ပင်လယ်ရပ်ခြား တပ်ဖြန့်ချထားမှုများအတွက် အသုံးတည့်လျက်ရှိသော်လည်း တည်ဆောက်မှုကုန်ကျစရိတ်နှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ်တို့မှာမူ ကြီးမြင့်လွန်းလှပေသည်။ အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းသည် တာဝန်ထမ်းဆောင်ရန်အတွက် တစ်နေ့လျှင်ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ငါးသန်းမှ ရှစ်သန်းထိရှိသည်ဟုဆိုသည်။ ထို့ပြင် လေယာဉ်တင်သင်္ဘောသည် တစ်စင်းတည်းတာဝန်ထမ်းဆောင်နိုင်စွမ်းမရှိဘဲ ခရူဇာသင်္ဘောများ၊ ဖျက်သင်္ဘောများ၊ ထောက်ပံ့ရေးသင်္ဘောများဝန်းရံကာ တာဝန်ထမ်းဆောင်ရလေ့ရှိသည်။ အမေရိကန်နိုင်ငံက နောက်ဆုံးတည်ဆောက်ထားသည့် Gerald Ford လေယာဉ်တင်သင်္ဘောသည် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံထိရှိပြီး တိုက်လေယာဉ်များ၏ ကုန်ကျစရိတ်မပါရှိသေးပေ။ ထို့ကြောင့် အသံလွန်ခေတ်တွင် လေယာဉ်တင်သင်္ဘောများ တည်ဆောက်နေခြင်းသည် တိုင်းပြည်ကာကွယ်ရေးအတွက် အမှန်တကယ်အလုပ်ဖြစ်သလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အမေရိကန်အနေဖြင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် ရေတပ်ဆိုင်ရာ စစ်လက်ရုံးဆန့်တန်းနိုင်ရေးအတွက် အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျတို့နှင့် လေးနိုင်ငံလုံခြုံရေးဆွေးနွေးမှု မိတ်ဖက်အဖွဲ့ကို ဖွဲ့စည်းထားသည့်အပြင် ဗြိတိန်၊ ဩစတြေးလျတို့နှင့်လည်း ရေတပ်ဆိုင်ရာ မိတ်ဖက်ဖွဲ့စည်းထားရှိသည်။ ထို့ပြင် လွတ်လပ်စွာ ရေကြောင်းသွားလာမှု အကြောင်းပြချက်ဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင်လည်း ရေတပ်ဆိုင်ရာလှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ သို့သော် ကမ္ဘာ့ရေးရာများတွင် လူတွင်ကျယ်လုပ်လိုသော အမေရိကန်အနေဖြင့် မဟာဗျူဟာအမှားများနှင့် သာရင်ဆိုင်ရလျက်ရှိသည်။ လက်ရှိအချိန်တွင်လည်း အကုန်အကျများသော လေယာဉ်တင်သင်္ဘောများ တည်ဆောက်လျက်ရှိသော်လည်း တရုတ်နိုင်ငံ၏ (A2/AD) မဟာဗျူဟာနှင့် ပဲ့ထိန်းဒုံးကျည်များ၏ အန္တရာယ်ကို ရင်ဆိုင်နိုင်စွမ်းရှိ၊မရှိကိုမူ စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

**ကိုးကား**

- **US still building vulnerable carriers in the hypersonic age by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# လွှမ်းလို့မကျန်ရစ်...စေလို ရုပ်သံဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့မှ မတ်လအတွင်း ထုတ်လွှင့်ပြသမည်




**ရန်ကုန် မတ် ၂**

လွှမ်းလို့မကျန်ရစ်. . . စေလို အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို မဟာ အပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့မှ မတ်လအတွင်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို ဖန်တီး ရိုက်ကူးပုံဖော်ခဲ့သူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

လွှမ်းလို့မကျန်ရစ်. . . စေလို ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ လမင်းမိုမို့ဝတ္ထုဇာတ်လမ်းကို ဇာတ်ညွှန်း အင်ကြင်းဟန်က ဇာတ်ညွှန်းခွဲထားခြင်းဖြစ်ပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ဦးအောင်ချမ်းသာက ရေးသားထားခြင်းဖြစ်ကြောင်း၊ ခရမ်းပြာ၏စီစဉ်မှုဖြင့် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ရိုက်ကူးပုံဖော်ထားကာ ဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"နာမည်ကျော် စာရေးဆရာမ လမင်းမိုမို့ရဲ့ နာမည်ကြီးဝတ္ထုတစ်ပုဒ်ကို ရိုက်ကူးတင်ဆက်ထားတဲ့ ဇာတ်လမ်းတွဲလေးပါ။ ဒီဇာတ်လမ်းတွဲလေးကို Channel K နဲ့ မဟာအပလီကေးရှင်းရုပ်သံလိုင်းကနေ မတ်လ ဒုတိယပတ်လောက်မှာ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။ ဝတ္ထုကောင်း၊ ဇာတ်လမ်းကောင်းတစ်ပုဒ်ကို မူလအရသာ မပျက်အောင် ဖန်တီးထားပါတယ်" ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရဲလင်း၊ ညိမ်းသော်၊ ရွှေမှုံရတီတို့အပြင် ဝါရင့်ဇာတ်ပို့များဖြစ်သည့် မြတ်ကေသီအောင်၊ ထူးမွန်တို့နှင့်အတူ အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# SAG ဆုပေးပွဲ၏ ထိပ်တန်းဆုများကို Everything Everywhere All at Once ဇာတ်ကားက ရရှိ

**နယူးယောက် မတ် ၂**

အမေရိကန်ရုပ်ရှင်သရုပ်ဆောင်များအသင်း(SAG) ဆုပေးပွဲ၏ ထိပ်တန်းရုပ်ရှင်ဆုများကို Everything Everywhere All at Once ဇာတ်ကားက ရရှိခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

၂၉ ကြိမ်မြောက် SAG ဆုပေးပွဲ၏ အကောင်းဆုံးစုဖွဲ့သရုပ်ဆောင်မှုဆုကို Everything Everywhere All at Once ဇာတ်ကားက ရရှိခဲ့သည်။

ထို့ပြင် Everything Everywhere All at Once ဇာတ်ကားမှ အဓိကသရုပ်ဆောင်ဖြစ်သည့် မင်းသမီး မီရှဲလ်ယိုက အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို ရယူနိုင်ခဲ့သည်။

ထို့ပြင် SAG ဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုနှင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုတို့ကို အဆိုပါဇာတ်ကားမှ မင်းသမီး ဂျေမီလီကားတစ်နှင့် မင်းသား ကီဟွေးကွမ်တို့က ရရှိခဲ့သည်။

SAG ဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို The Whale ဇာတ်ကားဖြင့် မင်းသား ဘရန်ဒန်ဖရေဆာက ရရှိခဲ့ကြောင်း သိရသည်။ KKO




# သဃ်န်းကျွန်းမြို့နယ် ZEC Art Studio & Gallery တွင် ရန်ကုန်၊ ပဲခူးနှင့် မန္တလေးတို့မှ ပန်းပုဆရာများ၏ပန်းပုရုပ်များကို အွန်လိုင်းပြပွဲပြုလုပ်မည်ဖြစ်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းတွင် ရန်ကုန်၊ ပဲခူးနှင့် မန္တလေးတို့မှ ပန်းပုဆရာများ၏ စိတ်ကြိုက်ထုလုပ်ထားသည့် ပန်းပုရုပ်များကို အွန်လိုင်းပြပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါပန်းပုရုပ်များ အွန်လိုင်းပြပွဲကို မတ် ၆ ရက်မှ မတ် ၁၀ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုရွာမှ ဝါရင့်ပန်းပုဆရာကြီး ဦးအေးချမ်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်မှ ပန်းပုဆရာကြီး ဦးသိန်းထွန်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ပန်းပုဆရာကြီး ဦးဝင်းမောင်တို့၏ ပန်းပုလက်ရာများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီပြခန်းကနေပြီးတော့ မန္တလေးက ပန်းပုဆရာကြီး ဦးဝင်းမောင်ထုလုပ်ထားတဲ့ ပန်းပုရုပ်တွေ၊ ရန်ကုန်က ပန်းပုဆရာကြီးဦးအေးချမ်းနဲ့ ပဲခူးက ပန်းပုဆရာကြီး ဦးသိန်းထွန်းတို့ရဲ့ စိတ်ကြိုက်ထုလုပ်ထားတဲ့ပန်းပုလက်ရာ စုစုပေါင်းပန်းပုရုပ် ၂၀ လောက်ကို အွန်လိုင်းကနေ ပြသပေးမှာဖြစ်ပါတယ်"ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။



အဆိုပါ ပန်းပုရုပ်များမှာ အမြင့် ၁၈ လက်မ၊ အလျားလက်မ ၇၀ အရွယ်အစား ကျွဲတစ်အုပ်နှင့် ကျွဲကျောင်းသားပန်းပုရုပ်၊ အမြင့် ၂၂ လက်မ၊ အလျား ၅၂ လက်မ အရွယ်အစား မြင်းရိုင်းပန်းပုရုပ်၊ အမြင့် ၁၆ လက်မ၊ အလျား ၃၆ လက်မ အရွယ်အစား ကျွဲရိုင်းပန်းပုရုပ်၊ အမြင့် ၁၇ လက်မ၊ အလျား ၂၄ လက်မ အရွယ်အစား တောဆင်ရိုင်းပန်းပုရုပ် စသည့်ပန်းပုရုပ်များပါဝင်ပြီး ဈေးနှုန်းများမှာ အနည်းဆုံးငွေကျပ် ၅၅၀၀၀၀ မှ အများဆုံးငွေကျပ်သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဒါးပိန်ပန်းပုရွာ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ပန်းပုအလုပ်ရုံများနှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တို့မှ ပန်းပုလက်ရာများသည် ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ASH

# Mother of the Bride ၌ မင်းသား ဘင်ဂျမင်းဘရက်နှင့် မင်းသမီး ဘရော့ရှီး၊ မီရန်ဒါကော့ဂရော့တို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မတ် ၂**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Mother of the Bride ဇာတ်ကားတွင် မင်းသား ဘင်ဂျမင်းဘရက်နှင့် မင်းသမီး ဘရော့ရှီး၊ မီရန်ဒါကော့ဂရော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က မတ် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် HBo Max ၏ Father of the Bride ဟာသဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Mother of the Bride ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရိုဘင်ဘန်းဟိမ်းက ရေးသားပေးထားပြီး ဒါရိုက်တာ မာ့ခ်ဝါးတားက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အသက် ၅၇ နှစ်အရွယ် မင်းသမီး ဘရော့ရှီးသည် မကြာသေးမီကမှ ၎င်း၏ရုပ်ရှင်လောကအတွေ့အကြုံများ ကို ပြန်လည်ဖော်ကျူးထားသော Pretty Baby Brooke Shields အမည်ရှိ မှတ်တမ်းရုပ်ရှင်ဇာတ်ကားကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Mother of thr Bride ဇာတ်ကား ပြသမည့်ရက်ကို Netflix ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# အမျိုးသားပြတိုက်(ရန်ကုန်)ကို အသေးစားပြင်ဆင်မွမ်းမံမှုများ ပြုလုပ်မည်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)ကို အသေးစား ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

ထိုသို့ အသေးစားပြင်ဆင်မွမ်းမံမှုများကို ယနေ့မှ စတင်ကာ မတ် ၁၅ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါရက်များတွင် အမျိုးသားပြတိုက်(ရန်ကုန်)ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားပြတိုက် (ရန်ကုန်)မှာ အသေးစားပြုပြင်မွမ်းမံမှုတွေ ပြုလုပ်မှာဖြစ်တဲ့အတွက် အဲဒီရက်တွေမှာ အမျိုးသားပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမှာဖြစ်ပါတယ်။ ပြင်ဆင်မဲ့ရက်ကတော့ ၁၄ ရက်ထိ ကြာမြင့်မှာဖြစ်ပါတယ်။ ပြတိုက်ရဲ့အတွင်းပိုင်းမှာ လျှပ်စစ်ဓာတ်အားကြိုးတွေ အသစ်လဲလှယ်မဲ့ လုပ်ငန်းတွေကို လုပ်ဆောင်သွားဖို့အတွက် ဖြစ်ပါတယ်"ဟု ဦးအောင်အောင်ကျော်က ပြောပြသည်။

အမျိုးသားပြတိုက် (ရန်ကုန်)ကို ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်သူများ အရေအတွက်မှာ နေ့စဉ် လူဦးရေ ၁၅၀ ခန့်ရှိပြီး ရုံးဖွင့်ရက်များတွင် ပြည်ပခရီးသွားများ အဓိကလာရောက်လည်ပတ်ကြကြောင်း၊ ရုံးပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပြည်တွင်းမှ ခရီးသွားများ လာရောက်လည်ပတ်လေ့ရှိပြီး ရုံးပိတ်ရက်များတွင် နေ့စဉ်လာရောက်လည်ပတ်သူ အရေအတွက်မှာ ဦးရေ ၃၀၀ ခန့်ရှိကြောင်း သိရသည်။

အမျိုးသားပြတိုက်(ရန်ကုန်)ကို ရုံးဖွင့်ရက်များအပြင် ရုံးပိတ်ရက်များတွင်လည်း နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

ASH

# Bagan Archaeology Museum open every day except Mondays and public holidays


Photo shows part of Bagan Archaeology Museum.

**Bagan March 2**

Bagan Archaeology Museum is open every day except Mondays and gazetted holidays and there is no admission fee for monks, nuns, young children and students, according to the Department of Archaeology and National Museum (Bagan Branch).

The museum is located to the south of Kadawt Palin Pagoda in ancient Bagan city in NyaungU Township. The first archaeology museum was opened near the northern stairways of Arnanda Pagoda in 1904. A new building was opened in 1979.

The current Bagan Archaeology Museum of international standard was opened on 17 April 1998 on 10.39 acres of land. The building area is 136,800 square feet and the display area 101,200 square feet. The museum features a main booth, booths of Bagan-era architectural works, fine arts, palace, literature, lifestyles, Buddha art, Buddha statues and images, paintings, murals totalling 10.

The museum attracts both local and foreign visitors and students.

Before the Covid-10 global pandemic, there were about 300,000 visitors to the museum yearly. Now, Bagan Archaeology Museum is open to the public every day except Mondays and public holidays from 9.30 am to 4.30 pm.

Admission fee is K500 per local visitor and K5,000 per foreigner. But no admission fee is collected for monks, nuns, young children and students. 336

# Argentina's power largely restored after fire hits national grid

**Buenos Aires March 2**

Power has largely been restored in Argentina after more than half of the country was left without electricity for several hours.

More than 20 million people in major cities and large swathes of the countryside were affected on Wednesday.

The blackout is believed to have been caused by a large fire in open fields west of the capital, Buenos Aires.

The blaze brought down crucial power lines and forced a nuclear power station to be taken offline.

The blackout comes in the middle of a heatwave and drought in Argentina - with temperatures consistently above 35C (95F) in some parts of the country.

It brought daily life to a halt in some regions, with classes suspended, businesses shut and many having to go without air conditioning or refrigeration.

Water distribution services were interrupted and some were left stranded on public transport services which ground to a halt.

Alejandra Rodriguez, a waitress in Buenos Aries, told AFP news agency her business was struggling without a generator.

The worst thing about the "ordeal" was not knowing how long the blackout would last, she added.

"We cannot work, we cannot clean ourselves, our bathrooms have run out of water, we cannot attend to people." BBC

# Rice and broken rice export to customer countries resumes this year after last year's suspension

**Nay Pyi Taw March 2**

Rice and broken rice are being exported in the current 2022-2023 fiscal year to the customer countries to which Myanmar could not export in the previous fiscal, according to the Ministry of Commerce.

Myanmar sells its rice and broken rice to nearly 50 countries. As such, efforts are being made to increase exports and seek new customer countries.

According to the ministry's data, 1.876 million tons of rice and broken rice worth US$700.132 million in 2020-2021 FY and 1.382 tons worth US$444.283 million in the six-month mini-budget period of 2021-2022. This fiscal year it has been set to export up to 2 million tons of rice and broken rice.

From 1 April 2022 to 3 February 2023, 1.131 million tons of rice worth US$434.147 million and 0.702 million tons of broken rice worth US$240.438 million totalling 1.33 million tons of rice and broken rice worth US$674.585 million were exported.

During the period, such an amount of rice and broken rice was exported to 45 countries, mostly to China, Bangladesh and the Philippines.

Other customer countries include European countries such as Italy, Spain, Croatia, Greece, Germany, the Netherlands and France. Indonesia, Turkey, Greece, UK, Madagascar, Lebanon, Salobakia, Puteeorico, Canada and Estonia are the countries to which Myanmar could not export last fiscal. 336

# Greece train crash: Rail workers strike as anger over crash grows


Remains of destroyed train carriage being removed by crane on Thursday morning.

**Athens March 2**

Rail workers across Greece have begun a one-day strike after Tuesday's train crash which killed at least 43 people.

"Pain has turned into anger for the dozens of dead and wounded colleagues and fellow citizens," the workers' union said in a statement.

The walkout follows protests in Athens, Thessaloniki and the city of Larissa, near the site of the disaster.

Rescue workers are still going through burned and buckled carriages, searching for victims.

This was the "most difficult moment", rescuer Konstantinos Imanimidis told Reuters news agency, as "instead of saving lives, we have to recover bodies".

The incident happened just before midnight on Tuesday. A passenger train carrying 350 people collide with a freight train after both ended up on the same track - causing the front carriages to burst into flames.

The railway workers' strike began at 0600 local time (0400 GMT), affecting national rail services and the subway in Athens.

Many in Greece see the crash as an accident waiting to happen, and the union blamed successive governments' "disrespect" towards Greek railways for leading to this "tragic result".

BBC

# Export revenue of private sector exceeds state- owned sector till February 17 in 2022-2023 FY

**Nay Pyi Taw March 2**

The private sector was able to export more US$7,300 million than the state sector till February 17 in 2022-2023 FY, according to the Ministry of Commerce.

During this period, the private sector was able to export and sell more US$7,311.328 than the state sector.

Export and import operations with foreign economic partner countries are carried out by the state and private sectors.

However, the government is currently prioritizing the development of the private sector.

Therefore, the private sector has been able to do more than the state sector in exporting and selling Myanmar's exports to foreign customer market countries.

During this period, Myanmar exported seven export groups such as agricultural products, animal products, fishery products, mineral products, forest products, finished industrial products and other exports to foreign customer market countries and the private sector exported all the export groups. However the state sector exported only four export groups: mineral products, forest products, finished industrial products and other exports.

336

# Govt. instructs 65% of the export earnings of rice and rice products from the border to exchange with the rate set by CBM


Cargo trucks loaded with bags of rice.

**Nay Pyi Taw March 2**

A total of 65 percent of the foreign currency earned from the export of rice and rice products from the border trade stations must be exchanged for Myanmar kyat at the rate determined in accordance with the instructions of the Central Bank of Myanmar (CBM) from March 1, 2023, according to reports from the Department of Trade under the Ministry of Commerce on February 23, 2023.

Previously, the export revenue earned from the export of rice and rice products to other countries through border trade stations is allowed to be used by exporters without having to exchange Myanmar kyat at the rate set by the CBM.

Myanmar exported 1.131 million tons of rice worth US$434.147 million and 0.703 million tons of broken rice worth US$240.438 million, totaling 1.833 million tons of rice and broken rice worth US$674.585 million, from April 1, 2022 to February 3, 2023 in 2022-2023 FY. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Local growers profiting from high cashew prices and increasing export market in Ayeyawady Region

**Pathien March 2**

Local growers are making profits as cashew prices in the export market go up in Ayeyawady Region, according to sources released by the Region Consumer Affairs Department on 24 February.

Cashew is a major crop grown in Ayeyawady Region for both local consumption and export. Every year, the cashew market starts to open at the end of February and close in May or June when the monsoon comes.

With the region having good rainfall, cashew is vulnerable to rain so the market closes in the rainy season. This year, when the market opens, the price is K4,200 or K4,300 per viss. The price has increased by about K1,000 this year compared to last year.

Good prices plus an active market have enabled local growers to make profits this year. The region has about 65,000 acres of cashew plantations mainly in Myaungmya, Hinthada, Labutta and Pathein districts. It is also grown in beach regions such as Chaungtha and Ngwesaung.

Cashew produced from Ayeyawady Region is transported via Pathien Township to Yangon, which then exports it. This year, cashew growers are making profits due to good prices and an active market. 336

# Ayeyawady plans to cultivate summer paddy and green beans using national economic promotion fund to meet the target


A summer paddy plantation.

**Pathein March 2**

The summer paddy and green bean crops that are being planted in the Ayeyawady Region with the national economic promotion fund will be cultivated to meet the target, according to reports released by the Ayeyawady Region's Consumer Affairs Department on February 24, 2023.

In the Ayeyawady Region, in accordance with the policy that the development of the country can only be achieved if the state can create good economic conditions, in order to develop the agricultural production of the farmers in the region and increase the individual income, the national economic promotion fund has been established and the summer paddy and green bean crops are being planted.

According to the proposal, 406,000 acres of summer paddy and 150,000 acres of green beans were planned to be cultivated in 2022-2023 FY.

In addition, the department is supporting and providing urea fertilizer equivalent to 200,000 kyats per acre for the summer paddy and foliar insecticides equivalent to 120,000 kyats per acre for green bean crops. 336

# Over 3,000 tons of dairy products, medicine worth over US$3 million imported in January

**Nay Pyi Taw March 2**

Over 1,000 tons of condensed milk and milk powder and over 2,000 tons of medicine worth over US$3 million were imported in January 2023, said sources from the Ministry of Commerce.

Despite domestic production, Myanmar still has to import dairy products due to local demand. All those products were imported via maritime trade.

In January this year, 550 tons of condensed milk worth US$0.816 million and 530 tons of milk powder worth US$2.333 million totalling 1,080 tons worth US$3.149 million and over 2,300 tons of medicine worth US$3.541 million were imported.

Condensed milk was imported from Singapore and milk powder from New Zealand and Malaysia. Medicines were imported from Argentina, Belgium, Switzerland, Australia, Bangladesh, Brazil, China, Cyprus, Ecuador, Germany, India, Indonesia, Ireland, Italy, Japan, South Korea, Malaysia, the Netherlands, Pakistan, Spain, the Philippines, Singapore, Portugal, Thailand, the US and Vietnam.

In comparison with December 2022, there was a decrease of around 200 tons of those products. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျပန်က General Atomics ကုမ္ပဏီထုတ် MQ-9B Sea Guardian ဒရုန်းကို ဝယ်ယူရန်စဉ်းစားနေ



ဂျပန်နိုင်ငံ ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JMSDF) သည် General Atomics ကုမ္ပဏီက ထုတ်လုပ်သော MQ-9B Sea Guardian ဒရုန်းကို ဝယ်ယူရန်စဉ်းစားနေကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က Defense Post တွင် ဖော်ပြထားသည်။

နိုင်ငံ၏မောင်းသူမဲ့အဖွဲ့များပူးပေါင်း၍ ရည်မှန်းချက်တာဝန်များထမ်းဆောင်ရာတွင် ၎င်း၏လိုက်လျောညီထွေရှိမှုကို အကဲဖြတ် ဆန်းစစ်သွားမည်လည်းဖြစ်သည်။ ယခုနှစ်နှောင်းပိုင်းတွင် အဝေးမှထိန်းကျောင်းလုပ်ဆောင်နိုင်သော မောင်းသူမဲ့လေယာဉ်စနစ်(RPAS)ဖြစ်သည့် MQ-9B Sea Guardian ဒရုန်းကို စမ်းသပ်ပျံသန်းမှုများ ပြုလုပ်သွားရန်လည်း စီစဉ်ထားသည်။

JMSDF ၏ လေသူရဲများအပေါ် မှီခိုအားထားမှုလျှော့ချနိုင်ရန် အဆိုပါစမ်းသပ်မှုများအတွင်း အကဲဖြတ်ဆန်းစစ်သုံးသပ်သွားမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ Sea Guardian UAS ဖြင့် ဂျပန်နိုင်ငံ ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JMSDF)တွင် စမ်းသပ်ပျံသန်းလုပ်ဆောင်မှု၌ ပံ့ပိုးပေးရသည့်အတွက် ဝမ်းမြောက်မိပါသည်ဟု ကုမ္ပဏီဥက္ကဋ္ဌ David R. Alexander က ပြောကြားခဲ့သည်။ ရေကြောင်းပိုင်နက်အတွင်း လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းကာ လေကြောင်းထောက်လှမ်းခြင်းသည် ဂျပန်နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် လိုအပ်ချက်ဖြစ်လာနေကြောင်း ကျွန်ုပ်တို့သိပါသည်ဟု ၎င်းကဆိုသည်။

ဂျပန်နိုင်ငံ ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JMSDF)သည် Sea Guardian ကို စမ်းသပ်မှုများပြုလုပ်သွားရန် ၎င်း၏ဆုံးဖြတ်ချက်ကိုမထုတ်ပြန်မီကတည်းက ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ၎င်း၏ကိုယ်ပိုင်အဝေးထိန်းမောင်းသူမဲ့လေယာဉ်စနစ်(RPAS) ပရောဂျက်အတွက် Sea Guardian ဒရုန်းကို ရွေးချယ်ထားပြီးဖြစ်သည်။

MQ-9B Sky Guardian ၏ ရေတပ်သုံး မျိုးကွဲတစ်ခုဖြစ်သည့် MQ-9B Sea Guardian တွင် ရန်သူပစ်မှတ်များကို ပိုမိုကောင်းမွန်စွာ ခြေရာခံထောက်လှမ်းသိရှိနိုင်ရန်အတွက် ဘက်စုံသုံးပင်လယ်ရေကြောင်း ရှာဖွေထောက်လှမ်းရေးရေဒါတစ်ခု တပ်ဆင်ထားသည်။

၎င်းတွင် Inverse Synthetic Aperture ရေဒါပုံရိပ်ဖော်စနစ်၊ အလိုအလျောက် စိစစ်ခွဲခြားနိုင်သည့် လှိုင်းဖမ်းစက်နှင့် အဆင့်မြင့် Poticalနှင့် အနီအောက်ရောင်ခြည်သုံး ကင်မရာများပါရှိသည့် ရုပ်ထွက်ကြည်လင်ပြတ်သားသော ဗီဒီယိုအာရုံခံကိရိယာစနစ်တစ်ခုတို့ အသုံးပြုထားပါသည်။

ဒရုန်း၏ အာရုံခံကိရိယာစနစ်များသည် ရေမိုင်ထောင်ပေါင်းများစွာ အကွာအဝေးမှ ရေယာဉ်ပစ်မှတ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းဖော်ထုတ်နိုင်စွမ်းရှိသည်။

ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်းစသည့် ISR လုပ်ငန်းစဉ်များအပြင် Sea Guardian ဒရုန်းသည် ရေယာဉ်တိုက်ဖျက်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ မိုးကုပ်စက်ဝိုင်းလွန်အကွာအဝေးရှိ ပစ်မှတ်များကို တိုက်ဖျက်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း ပံ့ပိုးကူညီပေးနိုင်စွမ်းရှိသည်။

Sea Guardian ဒရုန်းသည် ရာသီဥတုမရွေးလေထဲတွင် ကြာရှည်ပျံသန်းနိုင်သည့် တာဝန်ထမ်းဆောင်နိုင်သော အဝေးထိန်းမောင်းသူမဲ့လေယာဉ်စနစ်(RPAS)များတွင် မျိုးဆက်သစ်စနစ်တစ်ခုလည်းဖြစ်ပြီး NATO အဖွဲ့၏ လေကြောင်းဆိုင်ရာသတ်မှတ်ချက်စံချိန်စံညွှန်းများအတိုင်း အခြေခံတည်ဆောက်ထားသည့်စနစ်လည်းဖြစ်သည်ဟု General Atomics ကုမ္ပဏီက ၎င်း၏ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

**Japan Considering General Atomics Sea Guardian Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## စင်ကာပူက Lockheed Martin မှ နောက်ထပ် F-35B တိုက်လေယာဉ်ရှစ်စင်း ဝယ်ယူရန်သဘောတူ

စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (MINDEF)သည် Lockheed Martin ကုမ္ပဏီမှ နောက်ထပ် F-35B Lightning II Fighter ဘက်စုံသုံးတိုက်လေယာဉ်ရှစ်စင်း ဝယ်ယူရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း မတ် ၁ ရက်ထုတ် ကာကွယ်ရေးသတင်းရင်းမြစ်များအရ သိရသည်။

အဆိုပါသဘောတူညီမှုသည် စင်ကာပူလေတပ် (RSAF)အတွက် ၂၀၂၀ ပြည့်နှစ်က ချုပ်ဆိုခဲ့သော ဆယ်စုနှစ်အကုန်၌ F-35B ၁၂စင်း ဝယ်ယူဖြည့်တင်းခဲ့ခြင်း စာချုပ်ပေါ်တွင် နောက်ဆက်တွဲအနေဖြင့် ထပ်မံဖြည့်စွက်၍ ပြင်ဆင်ချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

F-35B တိုက်လေယာဉ်ပါ ဝိသေသလက္ခဏာ၊ စွမ်းဆောင်ရည်များကိုအပြည့်အဝအသုံးပြုခွင့်ရခြင်းသည် စင်ကာပူအစိုးရကို နောက်ထပ် ဂျက်လေယာဉ်များ ဝယ်ယူရန် ဆွဲဆောင်မှုဖြစ်စေခဲ့ကြောင်း စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (MINDEF) ၏အဆိုအရ သိရသည်။

အဆိုပါခွင့်ပြုချက်တွင် F-35B တိုက်လေယာဉ်အချက်အလက်များနှင့် အခြေခံအဆောက်အအုံစာရင်းများ အသေးစိတ်ပါဝင်ပြီး စင်ကာပူလေတပ် (RSAF) နှင့် စင်ကာပူနိုင်ငံ ကာကွယ်ရေးသိပ္ပံနှင့်နည်းပညာအေဂျင်စီ (Defense Science and Technology Agency-DSTA) တို့ထံ ပေးအပ်ခဲ့သည်။

အဆိုပါ အချက်အလက်များသည် စင်ကာပူလေတပ်(RSAF)မှ လေယာဉ်မှူးများအား F-35B တိုက်လေယာဉ်၏ လုပ်ဆောင်နိုင်စွမ်းကို သဏ္ဌာန်တူလေ့ကျင့်မှုများမှတစ်ဆင့် ပုံတူကူးချနိုင်စေမည်ဖြစ်ကာ အမေရိကန် မရိန်းတပ်ဖွဲ့များအပါအဝင် ပိုမိုအတွေ့အကြုံရှိသော F-35B တိုက်လေယာဉ်အသုံးပြုသည့်နိုင်ငံများနှင့် အသိပညာဖလှယ်နိုင်စေမည်လည်းဖြစ်သည်။

အမေရိကန်အစိုးရ၊ Lockheed Martin ကုမ္ပဏီတို့နှင့်အတူ တိုက်လေယာဉ်စွမ်းဆောင်ရည်များကို နည်းပညာနှင့်အင်ဂျင်နီယာဆိုင်ရာကဏ္ဍများ လေ့လာဆန်းစစ်အကဲဖြတ်ခြင်းများ အတည်ပြုလုပ်ဆောင်နိုင်ခဲ့သည်ဟု စင်ကာပူလေတပ်(RSAF) လေကြောင်းစီမံကိန်းဌာနအကြီးအကဲ Col. Daxson Yap က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် စင်ကာပူလေတပ်(RSAF)သည် ဩစတြေးလျတွင် လေကြောင်း တိုက်ခိုက်ရေးလေ့ကျင့်မှုတစ်ခုအတွင်း F-35B တိုက်လေယာဉ်နှင့် ပတ်သက်သောအချက်အလက်များ ပိုမိုသိရှိနားလည်သဘောပေါက်ရန် ပါဝင်ပျံသန်းလုပ်ဆောင်ခဲ့ကြသည်။

ဤအတွေ့အကြုံများသည် စင်ကာပူလေတပ် (RSAF)နှင့် စင်ကာပူနိုင်ငံ ကာကွယ်ရေးသိပ္ပံနှင့်နည်းပညာအေဂျင်စီ (DSTA) မှ ပရောဂျက်အဖွဲ့ကို တိုက်လေယာဉ်၏ လုပ်ဆောင်နိုင်မှုစွမ်းရည်၊ စင်ကာပူတပ်မတော်နှင့် ပေါင်းစည်းတိုက်ပွဲဝင်နိုင်မှုတို့ကို လေ့လာရန်အထောက်အပံ့ကောင်းများရရှိခဲ့သည်ဟု DSTA Air Systems ဒါရိုက်တာ Ang Jer Meng က ရှင်းလင်းပြောကြားခဲ့သည်။

"ဒါတွေအားလုံးက ကျွန်တော်တို့ကို F-35B တိုက်လေယာဉ်တွေနဲ့ပတ်သက်ပြီး အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေပါပဲ၊ MINDEF နဲ့ RSAF တို့အနေနဲ့ F-35B တိုက်လေယာဉ်ဟာ ကာကွယ်ရေးလိုအပ်ချက်တွေဖြည့်ဆည်းနိုင်ဖို့ အကောင်းဆုံးရွေးချယ်မှုကိုလုပ်ဆောင်နိုင်ခဲ့တာလဲဖြစ်ပါတယ်"ဟု စင်ကာပူကာကွယ်ရေးဝန်ကြီး Ng En Hen က ပြောကြားခဲ့သည်။



လွှဲပြောင်းပေးပို့မှုများ လုပ်ဆောင်ပြီးပါက စင်ကာပူလေတပ်(RSAF)အနာဂတ် F-35B လေယာဉ်အုပ်ဖြင့် F-16 Fighting Falcons တိုက်လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုသွားမည်လည်းဖြစ်သည်။ F-16 Fighting Falcons တိုက်လေယာဉ်များကို ၁၉၉၈ ခုနှစ် ကတည်းက တပ်ဖြန့်အသုံးပြုခဲ့ပြီး၂၀၃၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် အနားပေးသွားတော့မည်ဖြစ်သည်။

**Singapore to Purchase Eight Additional F-35B Fighters from Lockheed Martin ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မိုးမိတ်မြို့နယ်တွင် ပတ္တာရေလွှဲဆည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**လားရှိုး မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် ပတ္တာရေလွှဲဆည် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့မြ) ဦးမျိုးနိုင်က ပြောပြခဲ့သိရသည်။

မိုးမိတ်မြို့နယ်တွင် အလျား ၈၈ ပေ၊ အကျယ် ပေ ၁၇၀၊ အမြင့် လေးပေ သုံးလက်မရှိ ပတ္တာရေလွှဲ ဆည်ပြုပြင်ထိန်းသိမ်းရေးအတွက် သဲနုန်းတူးဖော်ခြင်း၊ မြေထိန်းနံရံ ပြုပြင်ခြင်းနှင့် ရေပေးမြောင်းလိုင်နင်စီခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ ဒသမ ၂၀၀ သန်းဖြင့် ပစ္စည်းတင်ဒါခေါ်ယူ၍ မိုးမိတ်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးမိတ်မြို့နယ်မှာရှိတဲ့ ပတ္တာရေလွှဲဆည်ကို ရေစီးရေလာကောင်းမွန်စေဖို့အတွက် သဲနုန်းတူးဖော်တဲ့လုပ်ငန်းတွေ၊ မြေထိန်းနံရံပြုပြင်တဲ့လုပ်ငန်းတွေ၊ ရေပေးမြောင်းလိုင်နင်စီတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခုလို ဆောင်ရွက်ပေးနိုင်တဲ့အတွက် မိုးမိတ်မြို့နယ်ရှိ စိုက်ပျိုးမြေ လယ်ဧက ၉၀၀ ကို စိုက်ပျိုးရေ လုံလောက်အောင် ပေးဝေနိုင်မှာ ဖြစ်ပါတယ်။ အခုလိုစိုက်ပျိုးရေတွေ လုံလောက်စွာ ပေးဝေတဲ့အခါ ဒေသခံတောင်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒေသခံတောင်သူတွေရဲ့ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ အကျိုးပြုစေမှာပါ"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့မြ) ဦးမျိုးနိုင်က ပြောပြသည်။

မိုးမိတ်မြို့နယ်ရှိ ပတ္တာရေလွှဲဆည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဖားကန့် မတ် ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ပြင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေထွန်းနှင့် ဝန်ထမ်းများက လယ်ပြင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

လယ်ပြင်ကျေးရွာတွင် အရှည် ပေ ၂၇၀၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၁၉၀ အသုံးပြု၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိဘဏ္ဍာနှစ်ထိ ကျေးရွာယူနစ် ၃၅ ယူနစ်၊ ကျေးရွာ ၃၇ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ပြင်ကျေးရွာသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောကျေးရွာဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝေထွန်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# အင်ပူမြို့နယ် ဆင်ခေါင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်ပူ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ခေါင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၃၉၄ သန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် ဆင်ခေါင်းအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၂ ဒသမ ၃၉၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံများ၊ ဆင်ခေါင်းအင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**သံသာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၈၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဝါယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| **(သာ ဓက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





# ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာတွင် (၆၁)နှစ်မြောက် တောင်သူလယ်သမားနေ့ ကျင်းပပြုလုပ်





နေပြည်တော် မတ် ၂



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၇၇/ ၂၀၂၃**

(၄) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။**



# Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှုမဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်ချက်

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Online မှတစ်ဆင့် လိမ်လည်မှုကျူးလွန်ခြင်း၊ လောင်းကစားခြင်းကိုဗန်းပြ၍ ငွေကြေးလိမ်လည်မှုကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိပါသည်။

ထိုသို့ Onlineအသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application ၊ Cash Now Application ၊ Cola Kyat Application နှင့် U Loan Application တို့ကိုအသုံးပြုပြီး တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်နေကြသည့် ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရပါသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ကတ်လျှင် တစ်သောင်းကျပ်ဖြင့်ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင်ချေးငွေလုပ်ငန်းများတွင် အသုံးပြုရန် Bank Account များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်းတွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ငှားရမ်းသူများအနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်ပါသည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ချေးငွေလုပ်ငန်းလုပ်ကိုင်ခြင်းများတွင် ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့်အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရစိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမပြုလုပ်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

❑ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်မှ

၃။ ဒေါ်မြမြစန်း ပုဗ္ဗသီရိမြို့နယ် နေပြည်တော်
၄ ။ ဒေါ်ခင်ခင်ဝင်း ပုဗ္ဗသီရိမြို့နယ် နေပြည်တော်
၅ ။ ဒေါ်ခင်သက်ဌေး ဇမ္ဗူသီရိမြို့နယ် နေပြည်တော်
၆ ။ ဒေါ်သန်းသန်းခွဲ့ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး
၇ ။ ဒေါ်နန်းရွှေမှုံ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# မန္တလေးမြို့၌ တပေါင်းပွဲတော်ကျင်းပမည်

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာ တပေါင်းပွဲတော်ကို မတ် ၅ ရက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း တပေါင်းပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

အဆိုပါ တပေါင်းပွဲတော်တွင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား ရင်ပြင်တော်၌ အဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ ရွှေစာရံစေတီတော်၏ (၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခြင်းနှင့် ညနေပိုင်းတွင် မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအတွင်း တပေါင်းလပြည့်ပွဲတော် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် စတုဒိသာအကျွေးအမွေး၊ ကျောက်ဆည်ဆင်အကအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အကအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခေတ်ပေါ်တီးဝိုင်းနှင့် ပန်တျာကျောင်းသမီးပျိုများ၏ တင်ဆက်မှု၊ ရှမ်းရိုးရာအက၊ မြို့မတီးဝိုင်း၊ DJ တီးဝိုင်းတို့ဖြင့် တင်ဆက်သွားမည် ဖြစ်ကြောင်း မန္တလေးမြို့နေပြည်သူများ ပါဝင်ဆင်နွှဲနိုင်ရန်ဖိတ်ခေါ်ထားကြောင်း သိရသည်။

**မျိုးကျော်**



၂၀၂၂ ခုနှစ် သီတင်းကျွတ်ဆီမီးထွန်းပွဲတော်ကာလတွင် မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

# မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်တွင် အိန္ဒိယနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ လာရောက်ပညာသင်ကြားပို့ချနိုင်ရေးဆွေးနွေး

**နေပြည်တော် မတ် ၂**

အိန္ဒိယနိုင်ငံ အာသံပြည်နယ် Guwahati မြို့တွင် မတ် ၂ ရက်မှ ၃ ရက်ထိ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့်ပြပွဲ တက်ရောက်ရန် အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ အာယုဗေဒ၊ ဆိပ်ကမ်းနှင့် ရေကြောင်း ပို့ဆောင်ရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး H.E Shri Sarbanada Sonowal ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် The Radisson Blu Hotel Guwahati ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်တွင် အိန္ဒိယနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ လာရောက်ပညာသင်ကြားပို့ချနိုင်ရေး၊ မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပသော တိုင်းရင်းဆေးသမားတော်များညီလာခံ၊ တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများနှင့် တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲများတွင် အိန္ဒိယနိုင်ငံမှ တိုင်းရင်းဆေး ပညာရှင်များ တက်ရောက်၍ အသိပညာဖလှယ်ရေး၊ နှစ်နိုင်ငံ တိုင်းရင်းဆေး ပညာရှင်များ လေ့လာရေးခရီး အပြန်အလှန် စေလွှတ်နိုင်ရေး၊ တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျသုတေသနပြုလုပ်၍ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် တိုင်းရင်းဆေးများ ဖော်စပ်ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ရန် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများ တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့မှ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ အိန္ဒိယနိုင်ငံ အာယုဗေဒဝန်ကြီးဌာနမှ အတွင်းရေးမှူး၊ အာယုဗေဒ၊ အမျိုးသမီးနှင့်ကလေး ဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ အာယုဗေဒဝန်ကြီးဌာနက တည်ခင်းဧည့်ခံသော ကြိုဆိုညစာစားပွဲသို့ တက်ရောက်ကြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူ ၁၈၆ ဦး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ခရိုင် (၅၀)၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း (၅၀) ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။


**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများသိရှိနိုင်စေရန် (၁)အခြေခံပညာအထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သောကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ**




**Learning Opportunities for Grade 9 Passed Students**




### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့်တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့်ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ်တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma-Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏တတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေးအတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှစတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်
## စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂) မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁) ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁) ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁) ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂) ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄) ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလှို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁) ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆) မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထကလက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁) စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂) သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁) အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁) အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃) ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁) လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁) ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကူ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀) ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁) ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ) ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂) လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျုံး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

## မတ် ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ

**နေပြည်တော် မတ် ၂**

မတ် ၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၀၄၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၃၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၀၁ ဦး |

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၂**

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါ တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ဖြေဆိုနေမှုများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်နိုင်မင်းကျော်နှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်နိုင်မင်းကျော်နှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးစဉ်။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်ရှိ ခွဲစိတ်လူနာများနှင့် မျက်စိခွဲစိတ်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဂွမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၉၁ ဦးကို ၎င်းမြို့ရှိ ရတနသိဒ္ဓိဗိမာန်တော်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၆ ဦး၊ ခွဲစိတ်ရောဂါ ၄၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါဦးရေ ၂၂၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၆၀၊ မျက်စိရောဂါ ၂၂၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ထို့ပြင်ခွဲစိတ်ကုသရန် လိုအပ်သူအထွေထွေခွဲစိတ်လူနာ နှစ်ဦးမျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်ရှိ ခွဲစိတ်လူနာများနှင့် မျက်စိခွဲစိတ်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် မျက်မှန်များပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ဆရာဝန်ကပြောတယ် အမေ့မျက်လုံးကအများကြီးပိုဆိုးတယ်။ မျက်လုံးကိုခွဲမှဖြစ်မိုလို့ လာပြီးကုသတာပါ။အရမ်းလဲ ဝမ်းသာတယ်။ကိုယ့်အမေ မမြင်ရတော့ဘူးလို့ထင်ထားတာ။ အရမ်းလဲ ဝမ်းနည်းမိတယ်။ ကိုယ့်အမေငယ်ငယ်ရွယ်ရွယ်နဲ့ မျက်လုံးကန်းရဖို့ဆိုပြီးတော့ ကိုယ့်ကိုယ်ကိုလဲ ဝမ်းနည်းကြေကွဲရတယ်။ မရှိတဲ့လူတွေအဖို့မှာတော့ ဒီလိုလာရောက်ကုသပေးတဲ့အတွက်အများကြီးကောင်းတာပေါ့။ ဒီလိုလာပေးတဲ့အတွက် အများကြီးကျေးဇူးတင်တယ်။ သမီးအမေကို မျက်လုံးခွဲပေးတဲ့အတွက်လဲ ဘယ်လိုကျေးဇူးတင်ရမယ်ဆိုတာမပြောတတ်လို့ သမီးစိတ်ထဲမှာတအားကိုပဲကျေးဇူးတင်မိတယ်။ ပျော်လဲပျော်တယ်။ သမီးတို့မြို့ကို တစ်နှစ်ကို တစ်ခါလောက်တော့လာစေချင်တယ်။ ဘာလို့ဆိုရင် သမီးမိဘတွေအပြင် တခြားမရှိတဲ့သူတွေကိုလဲ ကုသချင်ကြတယ်။အခုလာကုတဲ့သူတွေလဲ ဘာမှပူစရာမလိုဘူး။ ထမင်းဆိုထမင်း၊ ရေဆိုရေ၊ အကုန်အစစအရာရာလိုရာအားလုံး အကုန်လုံးလုပ်ပေးတယ်။ ထမင်းကျွေးတာကအစ ခွံ့ကျွေးပါတယ်။ အများကြီးလဲ တာဝန်ကျေတယ်။ ဒီလိုမျိုးဆရာဝန်ကြီးတွေနဲ့လုပ်ကိုင်ပေးတဲ့လူတွေအဖွဲ့အားလုံးကို သမီးကအများကြီးကျေးဇူးတင်တယ်။ ပြောမပြတတ်အောင်ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

"သင်္ဘောပေါ် တက်သွားကတည်းက တယုတယ လိုလေသေးမရှိ အကုန်တွဲပို့တွဲချီ တွဲမ ခုတင်တွေအဆင်သင့် စောင်တွေလဲအဆင်သင့်ရှိတယ်။ လိုလေသေးမရှိ အိပ်ရာခေါင်းအုံးကအစပေါ့။ ညကျတော့ထမင်းကျွေးတယ်။ လိုလေသေးမရှိ စားလို့သောက်လို့အလွန်အရသာရှိတာ။ အိမ်သာသွားချင်ရင်လဲ တယုတယ အကုန်တွဲပြီးပို့တယ်။ ဒီလိုမျိုးကုပေးတဲ့အဖွဲ့တွေကိုလဲ အထူးအထူးကျေးဇူးတင်တယ်။ အများကြီးကျေးဇူးတင်တယ်။ လာမယ့်နှစ်တွေလဲ လာနိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

"မျက်စိတစ်ဖက်မမြင်လို့ အခုတော့ကောင်းသွားပြီ၊ ကြည်သွားပြီ၊ ခွဲပေးတဲ့သူတွေကိုလဲ အများကြီးကျေးဇူးတင်ပါတယ်။ သင်္ဘောကြီးပေါ်မှာ ထမင်းလဲကျွေးတယ်။ အကုန်လုံးအစစအရာရာ လိုလေသေးမရှိဘူး။ မနက်စာလဲ ကျွေးတယ်။ ညစာလဲကျွေးတယ်။အကုန်လုံးလဲဝမ်းသာပါတယ်။ သူတို့လုပ်ပေးတာကိုလဲ ပီတိတွေဖြစ်ပါတယ်။ အခမဲ့လဲကုပေးတယ်။ အကုန်လုံးအစစအရာရာ အဆင်ပြေအောင်လဲလိုက်လုပ်ပေးတယ်။ တက်တာ၊ဆင်းတာကအစအကုန်လိုက်လုပ်ပေးတယ်။သူတို့လဲပင်ပန်းပါတယ်။ အကုန်လုံး ကျန်းကျန်းမာမာချမ်းချမ်းသာသာနဲ့လိုရာခရီးတွေရောက်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

"အဆီအကျိတ်လေးဖြစ်နေလို့လာခွဲတာပေါ့။ ဒီရောက်လာတော့ သူတို့ကနွေးနွေးထွေးထွေးပါပဲကြိုဆိုကြတယ်။ ကျွန်တော်တို့ဒေသလေးက မြို့ပေါ်သာပြောတယ် မြို့လေးကသေးသေးလေးဆိုတော့ ဖွံ့ဖြိုးမှုလဲ နည်းနည်းနောက်ကျတယ်လေ။ အဲ့ဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်လို့ ယခုလိုမျိုးအခမဲ့လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အမြဲတမ်းလဲ မကြာမကြာလာစေချင်ပါတယ်။ ဆေးရုံက ခုတင် ၅၀ပဲရှိတယ်လေ။ ခုတင် ၅၀ ပဲရှိတဲ့အခါကျတော့ဆရာဝန် အလုံအလောက်မရှိဘူး။ ရောဂါတွေကလဲ မျိုးစုံရှိတယ် ဆရာဝန်က အလုံအလောက်မရှိတဲ့အခါကျတော့ ခုလိုစုံစုံလင်လင်လာပြီးကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ခုလို လာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေအားလုံး ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြ၍ သိရသည်။













# တရားမဝင်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ










**နေပြည်တော် မတ် ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာန မှူးရုံးမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ Oriental High Way တိုးဂိတ်မှ ၇ မိုင် ၄ ဖာလုံခန့်နေရာ မြို့ရှောင်လမ်းမပေါ်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Hand Bag အိတ် ၃၀ အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော MitsubishiFuso Express အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုနယ်မြေ စက်မှုလမ်း၌ ရပ်တန့်ထားသောမော်တော်ယာဉ်နှစ်စီးနှင့် ဂိုဒေါင် တစ်လုံးကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့စုံဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ် ၃၁ စီး၊မော်တော်ဆိုင်ကယ် Frame များနှင့် အပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၁၃၀၀၀၀ နှင့် Toyota Wish အမျိုးအစားမော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော မော်တော်ယာဉ်များကို မူဆယ်ခရိုင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့စဉ် ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင်စုပုံထားသော အကောက်ခွန်မဲ့ HANDLESTEERING BAR MCSP ၁၅ ခုအပါအဝင်ကုန်ပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၂၂၈၄၅ ကိုလည်းကောင်း၊ ကျိုင်းတုံမြို့အဝင် တိုးဂိတ်အနီး၌ ကျိုင်းတုံမြို့နယ်တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့က တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အချိုမှုန့်ကီလိုဂရမ် ၂၀၀၊ သွားတိုက်ဆေးကီလိုဂရမ် ၁၈၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၅၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၉၅၇၈၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန်)၌ ကုန်စည်များအတွင်းမှ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ထက် ပိုမိုတင်သွင်းလာသော RUTF Peanut Paste ၁၅၅၈ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၃၉၀၃ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော Castable Cement ကီလိုဂရမ် ၂၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀ နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် King-Flower Creamer ကီလိုဂရမ် ၂၅၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၉၈၉၀၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယောက်ျားစီးဖိနပ် အရန် ၂၅၀၊ Lady Long Pant အထည် ၈၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၆၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော YUTONG Express တစ်စီးနှင့် SUNLONG Express တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၁၆၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ စစ်ဆေးရေးအဖွဲ့က မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ဟသ်ာရုပ်တုအဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ ပေါင်းသား၊ ကြိတ်သား(အံဆွဲဗီရို) အဟောင်း တစ်လုံးအပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Mitsubishi Canter အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၅၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှသွင်းကုန်ကြေညာလွှာ(ID)နှင့် သွင်းကုန်လိုင်စင်(IL)တို့တွင် ကြေညာထားသည်ထက်ပိုမိုတင်ဆောင်လာသော Lucky Air-Cooler ၂၅ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် ဆက်နွှယ်ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ် ကျေးပင်ကြီးရပ်ကွက် ရန်ပြေမာန်ပြေဘုရားရှေ့ ကုလားတန်မြစ်ရေလယ်တွင်ရပ်တန့်ထားသော ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံထွက် အာလူးကီလိုဂရမ် ၃၇၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော တန်ချိန် ၄၇ ဒသမ ၀၃ တန်ရှိ သစ်သားရေယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှုအမှုတွဲ ၂၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၁၂၂၇၄၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသတင်းရရှိသည်။**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သာရဖုံကျေးရွာနေ ကျော်လတ်သည် ၎င်းအသုံးပြုသည့် "Kyaw Latt" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက်နေ စိုးမြတ်သူ(ခ) ဇာနည်နှင့် ကမ်းနားရပ်ကွက်နေ စောရိမင်းကို(ခ)နေမင်းကိုတို့သည် ၎င်းအသုံးပြုသည့် "Zarni" Facebook အကောင့်နှင့် "Nay Min Ko" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီးနှင့် စေတီရံများ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်



**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီးနှင့် စေတီရံများ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို မတ် ၅ ရက်တွင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဥက္ကလာပစေတီတော်ကြီးနှင့် စေတီရံများ ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီ၏ သတင်းများအရ သိရသည်။

တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီးကို ၁၉၉၀ ပြည့်နှစ်က နိုင်ငံတော်၏ ဝတ္ထုကံမြေအလှူဒါန၊ အများပြည်သူ၏ ငွေအလှူဒါနများဖြင့် တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီး၏ ဉာဏ်တော်မှာ ၁၀၈ ပေဖြစ်ပြီး ဥက္ကလာပစေတီတော်ကြီး၏ အရှေ့မြောက်ထောင့်တွင် ရွှေဘိုမြို့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဘူမိနက်သန် ကိုးဌာနမင်္ဂလာအောင်မြေများကို ပင့်ဆောင်၍ တည်ဆောက်ထားသည့် ဥက္ကလာပစေတီတော်ကြီး၏ အောင်မြေဌာနရှိကြောင်း သိရသည်။

ဥက္ကလာပစေတီတော်ကြီးနှင့် စေတီရံများ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို မတ် ၅ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဥက္ကလာပစေတီတော်ကြီးနှင့် စေတီရံများ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် မြေပြင်သို့ ပင့်ဆောင်ပူဇော်ထားတော်မူသော စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အထွတ်တင်မင်္ဂလာအခမ်းအနားလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ အထွတ်တင်မင်္ဂလာ အခမ်းအနားကို မတ် ၅ ရက် နံနက် ၈ နာရီမှ ၁၀ နာရီ မိနစ် ၃၀ ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါနေ့ ညနေ ၃ နာရီတွင် ပင့်သံဃာ ၁၈၃ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ဥက္ကလာပစေတီတော် ပရဝဏ်အတွင်းနှင့် သုဒဿနရင်ပြင်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါဥက္ကလာပစေတီတော်ကြီးနှင့် စေတီရံများ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ကုသိုလ်ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်၊ ကုသိုလ်ရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၃၆)

# ညောင်လေးပင်မြို့နယ် ဆင်ကူးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**ညောင်လေးပင် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ကူးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို မတ် ၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် VRFP စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၅၈ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ဆင်ကူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းဝန်ထမ်းများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**သုသု**

➤ စာမျက်နှာ ၂၄ မှအဆက်

နွယ်ရယ်ဟု သူတမ်းတနွမ်းမောလာမိသည်။ နွယ့်လက်ကလေးကိုဆွဲကိုင်ပြီး ဘယ်သူတွေဘာပြောပြောဂရုမစိုက်ဘဲ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းတိုင်းဖြစ်စေချင်တာ နွယ်မသိရှာလေသလား။ နွယ်နှင့်ဝေးကွာနေသောကာလတို့သည် သူ့အတွက်တော့ ကုန်းပေါ်အတင်ခံရသည့် ငါးတစ်ကောင်ပမာ အသက်ကို မနည်းရှူနေရသလိုပင် မောဟိုက်ပင်ပန်းလွန်းလှသည်။ သူချစ်ခြင်းတရားကိုမှ နွယ်မယုံလျှင် နွယ် ဘယ်သူကိုယုံမလဲဟု အော်ပြောလို့ နွယ်ကြားမည်ဆိုပါက-

"နွယ်"ဟု အသံကုန်ဟစ်ခေါ်ချင်နေမိသည်။

(၈)

နွယ်နှင့်ပတ်သက်သောဝေဒနာအစုစုတို့ကို သက်သာလိုသက်သာငြားတောရစခန်းတစ်ခုဆီကို လှမ်းခဲ့မိတော့သည်။ ဘဝတစ်ကွေ့မှာခဏတွေ့ရပေမဲ့ နှလုံးသားမှာ ကျောက်ထက်အက္ခရာလို ထင်ရှားစွာရေးထိုးမိခဲ့သောနွယ်၊ ရာထူးဂုဏ်သိမ်တွေထက်အလေးအမြတ်ထားခဲ့ရသော နွယ်သည် ဘယ်ဆီကိုဘယ်လိုရောက်လို့ ဘာတွေလုပ်နေမည်နည်း။ မမြင်တွေ့ရသော်လည်း မမေ့သူရင်ထဲမှာတော့ ဒဏ်ရာများက မကျက်နိုင်ဆဲ။ တရားနှင့်ဖြေရန် သူကြိုးစားချင်သော်လည်း ယခုတိုင် နှလုံးသားက နွယ်ဟုသာ ဟစ်ကြွေးနေဆဲပါလေ။

"ဒကာကြီး လာ တရားနာကြရအောင်"

ဆရာတော်စကားကြောင့် အသိတရားကပ်ရင်း ယောဂီရောင်ဝတ်စုံနှင့် ပုတီးဆွဲပြီး တရားပွဲထဲဝင်ခဲ့မိသည်။

"ဟင်"

ယောဂီဝတ်စုံလေးနဲ့နွယ်။ ပြီးတော့သမီးလေး။ သူ ဟန်မဆောင်နိုင်တော့။ သေသွားရင်တောင် အစွဲအလမ်းတွေနဲ့ အချစ်သူရဲကောင်းဖြစ်မဲ့ကောင်မို့ထင်ပါရဲ့။ ဘယ်နေရာမှာဖြစ်ဖြစ် မြင်လိုက်တာနဲ့ သူသိနေတာ။

"နွယ်"

သူ့အသံကြောင့် ယောဂီမလေးမနွယ် လှည့်ကြည့်လိုက်မိတော့-

"အစ်ကို"

နွယ့်ဘဝမှာ ဘယ်လိုမှမမေ့နိုင်သောလူတစ်ယောက် ရှေ့ဆက်တိုးရန် ခက်ခဲသည့်သားအမိနှစ်ယောက်၏ ဘဝအခြေအနေများကြောင့် နွယ်သည်နေရာလေးကို တိတ်တဆိတ်ပြေးထွက်ခဲ့မိသည်။

"ဘယ်လိုများ အစ်ကို ဒီနေရာကိုရောက်လာတာလဲ"

"နွယ် အစ်ကို နွယ်တို့သားအမိကိုလိုက်ရှာနေတာ အခု စိတ်ပင်ပန်းလွန်းလို့ သူငယ်ချင်းဆရာတော်ကခေါ်တာနဲ့ ဒီကိုလာခဲ့တာ။ နွယ်ရယ် ထွက်မပြေးပါနဲ့တော့နော်"

သူ ပြောရင်း နွယ့်လက်ကလေးကိုဆုပ်ကိုင်မိတော့-

"အစ်ကို သတိထားအုံးလေ တရားပွဲထဲမှာ"တဲ့။

သူ နွယ့်ကို ဘယ်လိုမှလက်မလွှတ်နိုင်တော့ကြောင်း ဆရာတော်ကို လျှောက်ထားရတော့မည်၊ ပြီးလျှင် ဆရာတော်ရှေ့တွင် ကတိသစ္စာခံပြီး နွယ်တို့သားအမိကို သူ့ဘဝထဲခေါ်သွားတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ လှိုင်းတို့သည် ကမ်းစပ်သို့ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ကမ်းစပ်ကတော့ အမြဲတည်ရှိနေမည်ဆိုတာ နွယ့်ကိုသိစေချင်သည်။

# အညာနွေဦး

\- ရွက်ဝါတွေ တဖွဲဖွဲနဲ့
နွေပွဲတဲ့ စလေပြီ၊
လေရူးတွေ တသုန်သုန်မြူး
ကူးချည်ဖြတ်ချည်၊
ဥဩက လှမ်းတေးသီ
ပန်းနီနီနဲ့ လက်ပံနှမ၊
ကိုလူပျို ဆက်ရက်များနဲ့
ဝင့်ကြွားလှပ။

\- မြူလှိုင်းတွေ မှိုင်းမှိုင်းထ
ဆိုင်းမဝတဲ့ တောနဲ့တောင်၊
နွေပန်းချီ ဆေးတစ်ညွှစ်နဲ့
ရေးခြစ်လို့ဆောင်၊
ရှုလေတိုင်း ညို့ညို့မှောင်
ချိုးနှစ်ကောင် ကူသံချွဲ၊
ဖိုးတောင်သူ တောင်ယာစခန်းက
လှမ်းမောဖွယ်ကဲ။

\- ဖုန်လုံးတွေ ဖွားခနဲ
လှည်းနောက်က ကြဲချသလို၊
နွားညီနောင် အိမ်ခြံပေါက်
မြောက်ကြွဟန်ပို၊
ခလောက်သံက တချိုချို
ကိုလူပျို တေးဆိုလျက်၊
ယာခင်းထဲမှာ သီချင်းမစဲအောင်
ထင်းလှည်းတွေဆက်။

\- အညာနွေ ကဗျာတွေဆက်တော့
ဌာနေဘက် လှတဲ့ဟန်၊
မန်ကျည်းတွေအုပ်အုပ်ဆိုင်းလို့
နှိုင်းမမီပြန်၊
တံလျှပ်က လှိုင်းထလျှံ
ကျေးငှက်သံ ညံညံမြူး၊
နွေနေပူ အထက်ဝေပြေလည်း
ရွှေတောင်သူ အညစ်တွေမခသလို
အို. . .
သရက်တွေကဖူး။ ။

**လွမ်းလေးကို(သရက်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ခရီးသွားဆောင်းပါး

# လောက်ကိုင်မြို့က ကိုးကန့်ရိုးရာနှစ်သစ်ကူးပွဲတော်

သက်နိုင်(ပြင်ဦးလွင်)

ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်ခရီးစဉ်မှာ လောက်ကိုင်မြို့ကို ချောချောမောမောရောက်ရှိခဲ့ရပြီး ကျောင်းသား၊ ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ဆုံလိုက်ရလို့ ကံကောင်းသွားပါတယ်။ ညစာထမင်းစားသောက်အပြီး စကားစမြည်ပြောဆိုနေကြရင်းနဲ့ ကျောင်းသားမိဘတွေက မိမိကို ခုနစ်ရက်တစ်ပတ်လောက် နေရမည်ဖြစ်ကြောင်း၊ လောက်ကိုင်မြို့အနှံ့နဲ့ ပတ်ဝန်းကျင်ဒေသတွေကို လိုက်လံပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအတွင်းကိုလည်း အလည်အပတ်ပို့ပေးချင်သေးကြောင်းနဲ့ မနက်ဖြန်မနက်မှာ ဝက်နှစ်ကောင်ကင်ကျွေးမည်ဖြစ်ကြောင်းတွေကို ပြောပြကြတယ်။ လောက်ကိုင်မြို့ကို ဝင်ရောက်လာပြီး လောက်ကိုင်မြို့ရဲ့ လူပသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကြီးမားကျယ်ဝန်းမှုတွေကို တွေ့မြင်ခဲ့ရသလို နေရာအနှံ့ပတ်ဝန်းကျင်ဒေသအစုံကို လေ့လာလည်ပတ်မယ်ဆိုရင် အနည်းဆုံး ခုနစ်ရက်တစ်ပတ်လောက်ကြာမြင့်မယ်ဆိုတာကို ခန့်မှန်းမိလိုက်တယ်။ ဒါပေမဲ့ မိမိတို့က နှစ်ရက်၊ သုံးရက်လောက်သာနေနိုင်တာကြောင့် ရရှိတဲ့ရက်အတွင်းမှာ ရသလိုလေ့လာလည်ပတ်ကြရတော့မှာပါ။

ကျောင်းသား၊ ကျောင်းသူတွေ၊ ကျောင်းသားမိဘမိသားစုဝင်တွေနဲ့ စကားပြောပြီးတာနဲ့ ညအိပ်ဖို့ စီစဉ်ကြရတယ်။ မိမိတို့အဖွဲ့ကို သီးခြားအိပ်ခန်းတွေ၊ အိပ်ရာတွေပြင်ဆင်ပေးထားလို့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးအိပ်စက်ခွင့်ရကြတယ်။ ဒါပေမဲ့ မနက် ၆ နာရီထိုးရင် သွားစရာရှိနေတယ်။ လိုက်ချင်ရင်လဲ လိုက်ခဲ့ကြပါ။ အိပ်ချင်ရင်လဲ အိပ်နေကြပါလို့ ကျောင်းသားမိဘဖြစ်သူက ပြောဆိုထားတာကြောင့် မနက်စောစောထပြီး အတူလိုက်ပါသွားကြဖို့ စီစဉ်ထားလိုက်ကြတယ်။

တစ်နေကုန်ခရီးပန်းလာတာနဲ့အတူ အိပ်ရာထဲဝင်အိပ်လိုက်တာနဲ့ တစ်ခဏအတွင်းမှာ အိပ်ပျော်သွားခဲ့ပေမဲ့ ညဉ့်နက်သန်းခေါင် ၁၂ နာရီကျော် ၁ နာရီလောက်မှာ ပြန်နိုးလာခဲ့တယ်။ တစ်ခါတစ်ရံမှာ အိမ်ရှေ့လမ်းမပေါ်ကနေ ဆိုင်ကယ်သံ၊ ကားသံတွေက နာရီဝက်ခြားလောက်၊ ၁၅ မိနစ်ခြားလောက် သီချင်းသံတွေကို တစ်ညလုံးနီးပါး ကြားနေရပါတယ်။ ဒါပေမဲ့ အိပ်ရေးပျက်ရလောက်အောင် ဆူဆူညံညံမရှိကြပါဘူး။ ကာရာအိုကေခန်းတွေကနေ ပျံ့လွင့်လာတဲ့သီချင်းသံတွေ ထင်ပါတယ်။

ပျံ့လွင့်လာတဲ့သီချင်းသံတွေကို နားထောင်နေရင်းနဲ့ ပြန်ပြီးအိပ်ပျော်သွားခဲ့တာ ဝက်တစ်ကောင်ရဲ့ စူးစူးဝါးဝါးအော်လိုက်သံကြောင့် ရုတ်တရက်လန့်နိုးလာခဲ့ရတယ်။ နာရီကြည့်လိုက်တော့ မနက် ၅ နာရီထိုးနေပါပြီ။ တစ်ဆက်တည်းမှာပဲ ဝက်အော်သံနဲ့အတူ လူတွေရဲ့ စကားပြောသံတွေကိုပါ ကြားလာခဲ့ရတယ်။ မနက် ၅ နာရီလဲထိုးနေပြီ။ မနက် ၆ နာရီမှာ သွားစရာရှိတယ်ဆိုတာကြောင့် ဆက်မအိပ်တော့ဘဲ အိပ်ရာကနေ ထလိုက်ရတယ်။ အိမ်ရှင်ကျောင်းသားမိဘက မျက်နှာသစ်ဖို့နဲ့ ရေချိုးဖို့အတွက် ရေပူ၊ ရေအေးတွေ အဆင်သင့်ပြင်ဆင်ထားရှိပေးပေမဲ့ ရေမချိုးတော့ဘဲ မျက်နှာသစ်၊ ခြေ၊ လက်ဆေးတာလောက်သာ ပြုလုပ်နိုင်ခဲ့တယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့်အရ လောက်ကိုင်မြို့က ပေ ၃၁၀၀ သာရှိနေပြီး ပြင်ဦးလွင်မြို့ထက် နိမ့်နေပေမဲ့ ရာသီဥတုအအေးဓာတ်က ပြင်ဦးလွင်ထက် ပိုမိုအေးနေပါတယ်။ ဒါကြောင့်လဲ ရေမချိုးဖြစ်တော့တာပါ။

မျက်နှာသစ်၊ အဝတ်အစားလဲပြီး မနက် ၆ နာရီထိုးတာနဲ့ ကျောင်းသားမိဘက အပြင်သွားဖို့ လာခေါ်တယ်။ အပြင်သွားဖို့အတွက် နယ်စပ်ဒေသတွေမှာ အသုံးပြုမှုများပြားကြတဲ့ ဖိုးဝိုး (Four Wheel) ကားကောင်းနှစ်စီးနဲ့အတူ ကားတွေပေါ်မှာ ထင်းတွေ၊ ကောက်ရိုးခြောက်တွေ၊ အိုးခွက်ပန်းကန်တွေအပြင် ဝက်တစ်ကောင်၊ ကြက်နှစ်ကောင်ကို တွေ့လိုက်ရတယ်။ ဝက်ကို ခြေတွေ၊ လက်တွေ၊ နှုတ်သီးတွေအားလုံးကြိုးတုပ်ထားတယ်။ ဒါကြောင့် မနက်စောစော ၅ နာရီထိုးကတည်းက ဝက်အော်သံစူးစူးဝါးဝါးတွေကို ကြားနေရတာပါ။ ကြက်နှစ်ကောင်က ကြက်ဖ၊ ကြက်မတစ်စုံဖြစ်ပြီး မိမိရဲ့ကျောင်းသားတပည့်နှစ်ယောက်က တစ်ကောင်စီပွေ့ပိုက်ထားကြတယ်။

လိုက်ပါကြရမဲ့လူတွေစုံ၊ ပစ္စည်းတွေစုံ၊ ဝက်တွေ၊ ကြက်တွေ အကောင်တွေစုံတာနဲ့ အိမ်ကနေစတင်ထွက်ခွာလာခဲ့ကြတယ်။ ကားကို ဦးတည်မောင်းနှင်နေတဲ့နေရာက မိမိတို့ညက ဖြန်သန်းလာခဲ့ရတဲ့ လောက်ကိုင်မြို့တွင်းနေရာတွေမဟုတ်ဘဲ လမ်းကြမ်းကြမ်း၊ လမ်းကျဉ်းကျဉ်း မြို့ပြင်နေရာမျိုးဖြစ်ကြောင်း သတိထားမိလိုက်တယ်။ ကားမောင်းချိန် မိနစ်အနည်းငယ်အတွင်း လမ်းပေါ်မှာကားတွေများပြားစီတန်းသွားသလို လမ်းကြမ်း၊ လမ်းကျဉ်းဖြစ်နေတာကြောင့် တစ်စီးချင်းတဖြည်းဖြည်းနဲ့ မောင်းနှင်နေကြရတယ်။ ထူးခြားနေတာက ကားတွေအားလုံးပေါ်မှာ ဝက်တွေ၊ ကြက်တွေ၊ ထင်းတွေ၊ ကောက်ရိုးခြောက်တွေ၊ အိုးခွက်ပန်းကန်တွေပါနေကြပြီး ကားတွေအားလုံးကလဲ တစ်နေရာတည်းကို ဦးတည်တန်းစီမောင်းနှင်နေကြတာပါ။ မျက်နှာချင်းဆိုင်ကလာနေကြတဲ့ အပြန်ကားတွေမရှိသေးဘဲ အသွားကားတန်းကြီးသာ စုစုဝေးဝေးနဲ့ များပြားနေတာကလဲ ထူးခြားနေတယ်။ ကားတွေများပြားနေတာနဲ့အမျှ ကားတွေပေါ်မှာပါလာကြတဲ့ ဝက်အော်သံ၊ ကြက်တွန်သံတွေကလဲ ဆူညံလို့နေတယ်။ အထူးသဖြင့် ဝက်အော်သံတွေက ပိုမိုဆူညံနေတယ်။



ကိုးကန့်ရိုးရာနှစ်သစ်ကူးပွဲတော်ကို တွေ့ရစဉ်။

တစ်နေရာအရောက်မှာ ကားတန်းကြီးက ရပ်တန့်သွားပြီး လမ်းဘေးဝဲယာတစ်လျှောက် သူနေရာနဲ့သူ ထိုးပြီးနေရာယူရပ်နားလိုက်ကြတယ်။ သတ်မှတ်နေရာကို ရောက်ရှိလာပြီထင်ပါတယ်။ ကားတွေအားလုံးရပ်တန့်သွားတာနဲ့အမျှ ကားတွေပေါ်ကနေ ဝက်တွေ၊ ကြက်တွေ၊ ပစ္စည်းတွေအားလုံးကို သယ်ချနေကြတဲ့မြင်ကွင်းတွေကို တွေ့မြင်ရပြန်တယ်။ ကားတစ်စီးချင်း လမ်းဘေးလွတ်တဲ့နေရာတွေမှာ၊ လမ်းအနီး သစ်ပင်တွေအောက်မှာ သူ့အစု၊ သူ့အဖွဲ့အလိုက် ဝက်တွေ၊ ကြက်တွေသယ်၊ ပစ္စည်းတွေသယ်နဲ့ စည်စည်ကားကား လှုပ်လှုပ်ရှားရှား လုပ်ကိုင်ဆောင်ရွက်နေကြတယ်။ ဘယ်အတွက်ကြောင့် ဘာတွေလုပ်ကိုင်နေကြမှန်း မသိရသေးပေမဲ့ ကြိုးတွေတုပ်နှောင်ထားတဲ့ ဝက်တိုင်းကို ဝါးလုံးတွေနဲ့ ဇောက်ထိုးထမ်းပြီး သယ်ယူနေကြတာကြောင့် ဝက်အော်သံတွေက ပိုမိုဆူညံနေတယ်။ ဝက်တွေအားလုံးရဲ့ ပါးစပ်နှုတ်သီးတွေကို ကြိုးတွေတုပ်နှောင်ထားလို့ ဝက်တွေက မရမက ဖျစ်ညှစ်အော်နေကြရရှာတယ်။ တွေ့မြင်နေရတဲ့မြင်ကွင်းအရ အကြီး၊ အလတ်၊ အသေး အရွယ်စုံ ဝက်အကောင်ရေစုစုပေါင်း ရာနဲ့ချီရှိနေတယ်။

တစ်ခဏအကြာမှာ ကျောင်းသားမိဘက "ဆရာလာကြည့်ပါ"ဆိုတာနဲ့ သူခေါ်ဆောင်ရာကို လိုက်ပါသွားခဲ့ရတယ်။ မြင်တွေ့လိုက်ရတာက အဆောက်အအုံကြီးရှေ့ သမံတလင်းတစ်နေရာမှာ ဝက်တွေရဲ့ လည်ပင်းကနေ သွေးဖောက်ယူနေကြတာပါ။ ထွက်ရှိလာတဲ့သွေးတွေကို ပန်းကန်တွေ၊ ခွက်တွေနဲ့ ခံယူနေကြသလို အထူးစီမံပြုလုပ်ထားတဲ့ ရိုးရာစက္ကူစလေးတွေနဲ့လဲ ထိတို့ယူဆောင်နေကြတယ်။ ပြီးမှ သွေးစွန်းနေတဲ့ စက္ကူတွေကို အဆောက်အအုံကြီးထဲ ကိုင်ဆောင်ဝင်လာကြရတယ်။ အဆောက်အအုံကြီးက ကြီးမားရှည်လျားပြီး အထဲမှာလဲ သူ့နေရာနဲ့သူ၊ သူ့အစုအဖွဲ့နဲ့သူ မီးဖိုတွေ၊ အိုးခွက်တွေနဲ့ အလုပ်ရှုပ်နေကြတယ်။

အဆောက်အအုံကြီးရဲ့ အရှေ့ဘက်အခြမ်းမှာတော့ ၁၀ ပေပတ်လည်လောက်ရှိတဲ့ အခန်းငယ်လေးတွေ တန်းစီရှိနေပြီး အခန်းတွေရဲ့ အတွင်းတိုင်းမှာ၊ ရှေ့တိုင်းမှာ အုတ်ရိုးအုတ်စီအခေါင်းပါ မီးဖိုတွေ၊ မီးထွန်းညှိထားတဲ့ ဖယောင်းတိုင်ကြီးတွေရှိနေတယ်။ ဝက်သွေးစွန်းနေတဲ့ စက္ကူတွေကို ကိုင်ဆောင်လာသူတွေက အခန်းတိုင်းမှာရှိနေတဲ့ လူတစ်ယောက်စီမှာ စက္ကူတွေကို ပေးအပ်ကြရတယ်။ အဲဒီလူက စက္ကူတွေကို မိမိရဲ့ထင်မြင်ယူဆချက်အရ မန်းမှုတ်ဆုတောင်းပေးပြီး ယူလာသူထံကို ပြန်လည်ပေးအပ်ပါတယ်။ စက္ကူတွေကိုကိုင်ပြီး မန်းမှုတ်ပေးနေသူက ကိုးကန့်ဘာသာစကားနဲ့ ပြောဆိုမန်းမှုတ်ပေးနေတာကြောင့် ဘာတွေပြောဆိုရွတ်ဖတ်မန်းမှုတ်နေမှန်း မသိပါဘူး။ ပြန်ပေးလိုက်တဲ့စက္ကူတွေကို ယူဆောင်လာသူက အခေါင်းတွင်းမီးဖိုကြီးထဲထည့်ပြီး မီးရှို့လိုက်ကြတယ်။ တချို့က စက္ကူတွေကို မီးဖိုထဲမထည့်ခင် မီးဖိုရှေ့မှာ ဒူးထောက်ကိုင်ဆောင် ဆုတောင်းနေကြသလို တချို့ကလဲ စက္ကူတွေကို မီးဖိုထဲထည့် မီးရှို့ပြီးမှ ဒူးထောက်ဆုတောင်းနေကြတာကို တစ်မျိုးစီတွေ့မြင်နေရတယ်။

မြင်တွေ့နေရတဲ့ ပုံစံအနေအထားအရ ဝက်တွေ၊ ကြက်တွေကို လည်ပင်းသွေးဖောက်ပြီး နတ်ပူဇော်၊ ယစ်ပူဇော်နေတာမျိုးပါ။ တချို့ကလဲ သွေးစွန်းနေတဲ့ စက္ကူတွေအပြင် နောက်ထပ်စက္ကူအထုပ်လိုက်အထပ်လိုက်တွေ၊ အမွှေးတိုင်အစည်းလိုက်တွေ ပါလာကြသေးတယ်။ ပါလာသမျှ စက္ကူတွေ၊ အမွှေးတိုင်တွေအားလုံးကို မီးဖိုကြီးထဲထည့်ပြီး မီးရှို့ပူဇော်လိုက်ကြတယ်။ မီးဖိုကြီးတွေထဲမှာ အခြားစက္ကူတွေရှိနေ၊ တောက်လောင်နေသေးရင် အလွယ်တကူပစ်ထည့် မီးရှို့နိုင်ကြပြီး မီးတောက်လောင်နေတဲ့ စက္ကူတွေမရှိတော့ဘဲ မီးဖိုထဲမှာ မီးငြိမ်းနေပြီဆိုရင် မီးဖိုတွေဘေးမှာ အဆင်သင့်ထွန်းညှိပေးထားတဲ့ ဖယောင်းတိုင်မီးတွေနဲ့ မီးရှို့ပစ်ထည့်ကြရတယ်။ အများအားဖြင့်တော့ မီးဖိုကြီးတွေထဲမှာ အစုလိုက်၊ အထပ်လိုက်စက္ကူတွေ မီးတောက်လောင်နေကြတယ်။

ကျောင်းသားမိဘက မိမိကို "ရော့ဆရာ မီးရှို့လိုက်၊ ကုသိုလ်ရတယ်။ ဆုတွေလဲတောင်း"ဆိုပြီး စက္ကူထုပ်တစ်ထပ်ကို လက်ထဲထည့်ပေးသွားလို့ သူတို့လုပ်သလို စက္ကူတွေကို တစ်ခန်းပြီးတစ်ခန်း မီးဖိုကြီးတွေထဲထည့်ပြီး မီးရှို့ပေးနေရတယ်။ ဒါပေမဲ့ စက္ကူညော်နံ့တွေ၊ အမွှေးတိုင်နံ့တွေ၊ မီးခိုးလုံးတွေကြောင့် အခန်းတစ်ခန်းတစ်နေရာမှာ ကြာကြာမနေနိုင်ဘဲ မြန်မြန်သွား၊ မြန်မြန်ပစ်ထည့်၊ လက်ထဲမှာရှိနေတဲ့စက္ကူတွေ မြန်မြန်ကုန်အောင်လုပ်နေရတယ်။ စက္ကူတွေကုန်သွားမှ အဆောက်အအုံကြီးထဲက ပြန်ထွက်လာခဲ့ရတာ လူတစ်ကိုယ်လုံးမွှန်းကျပ်နေပြီး အပြင်ရောက်မှ အသက်ဝဝကောင်းကောင်း ရှူရတော့တယ်။

အဆောက်အအုံကြီးထဲမှာ စက္ကူတွေ၊ အမွှေးတိုင်တွေ မီးရှို့ပူဇော်ဆုတောင်းတာတွေကို ကိုယ်တိုင်ပြုလုပ်လေ့လာကြည့်ရှုခွင့်ရခဲ့ပြီး အပြင်ရောက်တော့ ဝက်တွေ၊ ကြက်တွေကို ဆက်လက်လေ့လာခဲ့ရတယ်။ လည်ပင်းသွေးဖောက်ပြီး သေဆုံးသွားပြီဖြစ်တဲ့ ဝက်တွေကို ကားပေါ်မှာပါလာတဲ့ ကောက်ရိုးခြောက်တွေနဲ့ အုံ၊ မီးတင်ရှို့ပြီး အမွှေးပြောင်အောင်လုပ်ကြရတယ်။ ကြက်တွေကိုလဲ ဒီအတိုင်းပဲ ရေနွေးအိုးနဲ့ပြုတ် အမွှေးနှုတ်ကြရတယ်။ အမွှေးမရှိတော့တဲ့ ကြက်တွေ၊ ဝက်တွေကို ခုတ်ထစ်ချက်ပြုတ်ပြီး နတ်ပူဇော်၊ ယစ်ပူဇော်ပြီးမှ အိမ်တွေရှိရာကို ပြန်လည်သယ်ဆောင်လာကြရတယ်။

ကျောင်းသားမိဘရဲ့ ပြောပြချက်အရ ကိုးကန့်တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ကြောင်း သိလိုက်ရတယ်။ နှစ်သစ်ကူးပွဲတော်မှာ အိမ်တိုင်းအိမ်တိုင်းက မိမိတို့ တတ်အားသရွေ့ ဝက်၊ ကြက်တွေကိုသတ်ပြီး ရိုးရာနတ်ကို ပူဇော်ပသကြရတယ်။ ဒီလိုပူဇော်ပသတာတွေလုပ်မှ တစ်နှစ်ပတ်လုံး လယ်ယာစိုက်ပျိုးသီးနှံတွေ အထွက်နှုန်းကောင်းမွန်မယ်၊ ရာသီဥတု မိုးလေတွေမှန်မယ်၊ ရောဂါဘယတွေ ကင်းရှင်း၊ အန္တရာယ်တွေမကျရောက် ပျောက်ကွယ်သွားမယ်၊ စီးပွားလာဘ်လာဘတွေ တိုးပွားစည်ပင်ဝပြောမယ် စသဖြင့်အယုံအကြည် အစွဲအလမ်းတွေရှိနေကြတယ်။ ဒါကြောင့်လဲ အဆောက်အအုံကြီးရှိရာကိုလာကြတဲ့ ကားတွေကားတွေ၊ လူတွေလူတွေ သယ်ယူလာကြရတဲ့ ဝက်တွေဝက်တွေ၊ ကြက်တွေကြက်တွေက ရာနဲ့ချီပြီး အများအပြားပါ။

လုပ်ငန်းကိစ္စတွေပြီးလို့ အိမ်ကိုပြန်လာကြတဲ့အခါ မနက် ၈ နာရီထိုးနေပါပြီ။ ဒါပေမဲ့ နတ်ပူဇော်တဲ့ အဆောက်အအုံကြီးရှိရာကို လာနေကြတဲ့ကားတွေက တန်းစီပြီး အများအပြားရှိနေဆဲပါ။ အလာခရီးတုန်းက အသွား၊ အပြန်မရှိသေးဘဲ အသွားတစ်ကြောင်းတည်းဖြစ်နေတာကြောင့် တဖြည်းဖြည်းမောင်းနှင်လို့ရနေပေမဲ့ အခုချိန်မှာ မျက်နှာချင်းဆိုင်ကလာနေတဲ့ ကားတန်းကြီးကြောင့် လမ်းကျဉ်းကျဉ်းမှာ ယာဉ်ကြောပိတ်တာတွေ၊ ကျပ်တာတွေဖြစ်ကုန်ကြတယ်။ ဒါကြောင့်လဲ ကားတွေကို ရပ်ကွက်ကြို၊ ရပ်ကွက်ကြား၊ လမ်းကြို၊ လမ်းကြားတွေကနေ မောင်းနှင်နေကြရတယ်။ ဒီလိုမောင်းနှင်လိုက်ပါလာရင်းနဲ့ လောက်ကိုင်မြို့တွင်းက မိုးမျှော်အဆောက်အအုံကြီးတွေကို မြင်တွေ့နေရတယ်။ အဆောက်အအုံကြီးတွေက ဟိုနားတစ်ခု၊ ဒီနားတစ်ခုနဲ့ အများအပြားပါ။ ညတုန်းက မိမိကိုယ်တိုင် ဖြတ်သန်းမောင်းနှင်တွေ့မြင်လာခဲ့ရတဲ့ မီးရောင်စုံအဆောက်အအုံကြီးတွေက ဘယ်ဟာတွေမှန်း မှန်းဆသိမြင်နိုင်ခြင်းမရှိတော့ပါဘူး။

ကျောင်းသားမိဘအိမ် ပြန်လည်ရောက်ရှိလာပြီး မကြာခင်မှာ ထမင်းစားရအောင်ဆိုပြီး ခူးခပ်ကျွေးမွေးဧည့်ခံပါတယ်။ ထမင်းဝိုင်းမှာ ကြက်သားဟင်းပွဲတွေ၊ ဝက်သားဟင်းပွဲတွေကို အမျိုးမျိုး၊ အစုံစုံ ချက်ပြုတ်ကြော်လှော် ပြင်ဆင်ထားတာကို တွေ့မြင်လိုက်ရလို့ အံ့သြသွားခဲ့ရတယ်။ အချိန်အနည်းငယ်အတွင်းမှာ ဘယ်လိုချက်ပြုတ်လိုက်ကြမှန်း မသိတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကိုးကန့်ရိုးရာနှစ်သစ်ကူးပွဲတော်ကို ပါဝင်ဆင်နွှဲ စားသောက်လိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တောင်ငူခရိုင်တွင် ဆီစက်များနှင့်ပွဲရုံများက ဈေးကောင်းပေးဝယ်ယူနေ၍ ဆီထွက်သီးနှံနေကြာများ ဈေးကွက်သွက်လက်လှုပ်ရှားနေ



**တောင်ငူ မတ် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေပြီး စိုက်ပျိုးထွက်ရှိလာသည့် နေကြာများကို ဒေသတွင်းဆီစက်များနှင့် ပွဲရုံများက ဈေးကောင်းပေးဝယ်ယူနေ၍ ဈေးကွက်သွက်လက်လှုပ်ရှားနေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏သတင်းများအရ သိရသည်။

တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ ယခုနှစ်တွင် နေကြာသီးသန့် ၁၄၆၇ ဧကနှင့် သီးညှပ် ၃၀၈ ဧက၊ တောင်ငူမြို့နယ်တွင် နေကြာသီးသန့် ၄၁၈ ဧကနှင့် သီးညှပ်ဧက ၃၃၂၀၊ ထန်းတပင်မြို့နယ်တွင် နေကြာသီးသန့်ဧက ၁၁၀ နှင့် သီးညှပ် ၃၄၀၄ ဧက၊ အုတ်တွင်းမြို့နယ်တွင် နေကြာသီးသန့်ဧက ၃၀၂၀ နှင့် သီးညှပ် ၂၄၅ ဧက၊ ဖြူးမြို့နယ်တွင် နေကြာသီးသန့် ၄၀၈ ဧကနှင့် သီးညှပ် ၇၇၁၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် တောင်ငူခရိုင်အတွင်း၌ နေကြာသီးသန့် ၅၄၂၃ ဧကနှင့် သီးညှပ်ဧက ၁၄၉၉၀ စုစုပေါင်းနေကြာ ၂၀၄၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံနေကြာများကို ဇန်နဝါရီလကုန်ပိုင်းမှစတင်ရိတ်သိမ်းခဲ့ရာ နေကြာသီးသန့်စိုက်ဧက တစ်ဧကလျှင် ပျမ်းမျှ ၁၆ ဒသမ ၁၂ တင်းနှုန်းထွက်ရှိပြီး သီးညှပ်စိုက်ဧက တစ်ဧကလျှင် ပျမ်းမျှ ၆ ဒသမ ၄၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

အဆိုပါနေကြာများကို တောင်ငူခရိုင်ရှိ ဆီစက် ၂၅ စက်နှင့် ပွဲရုံ ခြောက်ရုံမှ တစ်တင်းလျှင် ငွေကျပ် ၃၂၀၀၀ နှုန်းဖြင့် ဝယ်ယူကြောင်း၊ ဒေသတွင်းလက်လီ၊ လက်ကားဈေးကွက်များတွင်လည်း နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၁၀၀၀ ထိပေါက်ဈေးရှိနေကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေပြီး စိုက်ပျိုးထွက်ရှိလာသည့် နေကြာများ ဈေးကွက်သွက်လက်လှုပ်ရှားနေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။

**ချမ်းချမ်း**

## သဲကုန်းမြို့နယ် ချားလျားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**သဲကုန်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချားလျားကုန်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ချားလျားကုန်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်မည့် မြေပြင်အခြေအနေများ၊ လမ်းဖောက်လုပ်ရာတွင် လိုအပ်သည့်မြေအကျယ်၊ လမ်းအရှည်တို့နှင့် Box Culvert တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ချားလျားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့် နှစ်ပေနှင့် မြေနီအမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄ ဒသမ ၂၄၆ သန်းဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည်ဆိုလျှင် ကျေးရွာရှိ လယ်ဧက ၂၅၀ ကျော်မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်တော့မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။

**သန္တာ**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာအသာရနေတဲ့ အသင်းတွေဖြစ်တဲ့ စပါး၊ ယူနီယံဘာလင်၊ ဂီတာဖေးအသင်းတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ်စနေနေ့ညမှာတော့ ဥရောပထိပ်သီးကလပ် ငါးခုရဲ့ အမှတ်ပေးပြိုင်ပွဲတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုအားကောင်းတဲ့ ပွဲစဉ်တွေကို မြင်တွေ့ရအုံးမှာသေချာပါတယ်။ ကြားရက်မှာတော့ ပြည်တွင်းဖလားပြိုင်ပွဲတွေ ကစားခဲ့ရတဲ့ အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေရှိနေသလိုဒဏ်ရာရပွဲပယ်ကစားသမားရှိနေတာကိုသတိထားရမှာပါ။ အဲဒီထဲက အမှတ်ပေးပွဲအတွက် အာရုံစိုက်ပြီးကစားနေတဲ့ အသင်းတွေနဲ့ ကစားသမားအလှည့်ကျအသုံးပြုနေတဲ့ အသင်းတွေကိုပဲ အဓိကချဉ်းကပ်ရမှာဖြစ်ပါတယ်။ လာမဲ့ စနေနေ့ညမှာတော့ ထိပ်တိုက်တွေ့ဆုံမှုမှာအသာရနေပြီး ဒဏ်ရာရကစားသမားနည်းနေတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

### စပါးကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဝုဗ်အသင်းနဲ့ စပါးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ် ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားတဲ့ ဝုဗ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြလိုပက်တီဂူကိုခန့်အပ်ပြီးနောက်ပိုင်း ဇန်နဝါရီလအပြောင်းအရွှေ့မှာ တိုက်စစ်မှူး ကန်ဟာ၊ ဆာရာဘီးယားတို့ကိုခေါ်ဆိုနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတာကိုတွေ့ရမှာပါ။ ကစားသမားသစ်တွေခေါ်ယူခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ၁၃ ပွဲမှာ လေးပွဲပဲရှုံးနိမ့်ခဲ့လို့ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲ ၂၄ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ ရမှတ် ၂၄ မှတ်ရရှိခဲ့ပြီး အဆင့်(၁၅)မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ သူတို့အသင်းအနေနဲ့ တန်းဆင်းဇုန်က အဲဗာတန်အသင်းနဲ့ ရမှတ်သုံးမှတ်ပဲ ကွာဟတာကြောင့် ပွဲစဉ်တိုင်းကို အာရုံစိုက်ကစားနေပေမဲ့ တိုက်စစ်မှူး ကန်ဟာ၊ ဟီချန်ဟွမ်တို့ ဒဏ်ရာရနေလို့ ကစားအားကျဆင်းနေတာကို သတိပြုရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာကစားသမားစုဖွဲ့မှု အားနည်းတဲ့ ဘုန်းမောက်အသင်းကို တစ်ဂိုးဂိုးမရှိ ရှုံးနိမ့်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက်ကို တွေ့ရမှာပါ။

နည်းပြကွန်တီရဲ့ စပါးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာသုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ သူတို့အသင်း ရှုံးနိမ့်ခဲ့တာကလဲ တိုက်စစ်ကစားအားကောင်းတဲ့ အေစီမီလန်၊ လက်စတာတို့ကိုဖြစ်ပြီး နှစ်ပွဲပေါင်း ငါးဂိုးထိခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဲဒီပွဲစဉ်တွေမှာတော့ ကွင်းလယ်ကအိုလီဗာစကစ်နဲ့ ဟော့ဂျက်တို့ ဒဏ်ရာကြောင့် မပါဝင်နိုင်တဲ့ပွဲစဉ်တွေဖြစ်နေပြီး ကွင်းလယ်အားနည်းချက်ကြောင့် ရှုံးနိမ့်သွားတယ်လို့ဆိုရမှာပါ။ လက်ရှိမှာတော့ အဲဒီကစားသမားနှစ်ယောက်စလုံး ပြန်လည်ပါဝင်လာနိုင်တာကြောင့် နည်းပြကွန်တီရဲ့ ၃-၄-၂-၁ ကစားကွက်ဟာ ပြီးပြည့်စုံနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ မြို့ခံပြိုင်ဘက် ချဲလ်ဆီးအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာလဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာလဲ ရမှတ် ၄၅ မှတ်ထိ စုဆောင်းနိုင်ခဲ့လို့ အဆင့်(၄)မှာရောက်ရှိနေပြီး အဆင့်(၅)က နယူးကာဆယ်ကို လေးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့ပါတယ်။ သူတို့နှစ်သင်းရဲ့ နည်းစနစ်ပိုင်းနဲ့ နည်းပြအတွေ့အကြုံပိုင်းမှာ နှစ်ယောက်စလုံးက ဝါရင့်နည်းပြတွေဖြစ်ပေမဲ့ အဆုံးအဖြတ်ပွဲစဉ်တွေမှာတော့ ကွန်တီရဲ့ နည်းဗျူဟာက လိုပက်တီဂူထက် သာနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ထိပ်တိုက်တွေ့ဆုံမှု ၁၄ ကြိမ်မှာလဲ စပါးက ခုနစ်ကြိမ်နိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိထားတာကြောင့် စပါးအသင်းကိုပဲအားပေးရမှာပါ။

### ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၀ | - | ၃ | ဝုဗ် |
| ဝုဗ် | ၃ | - | ၀ | လီဗာပူး |
| ဆောက်သမ်တန် | ၁ | - | ၂ | ဝုဗ် |
| ဝုဗ် | ၀ | - | ၁ | ဘုန်းမောက် |
| ဖူလ်ဟမ် | ၁ | - | ၁ | ဝုဗ် |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | ၁ | - | ၀ | မန်စီးတီး |
| လက်စတာ | ၄ | - | ၁ | စပါး |
| အေစီမီလန် | ၁ | - | ၀ | စပါး |
| စပါး | ၂ | - | ၀ | ဝက်စ်ဟမ်း |
| စပါး | ၂ | - | ၀ | ချဲလ်ဆီး |

### ယူနီယံဘာလင်ကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ယူနီယံဘာလင်နဲ့ ကိုလုံးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်ကစလို့ ခြေစွမ်းပိုင်းတိုးတက်လာတဲ့ ယူနီယံဘာလင်အသင်းဟာ ကိုလုံးအသင်းနဲ့တွေ့ဆုံတဲ့ အမှတ်ပေးပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် ပထမအကျော့ကစားခဲ့တဲ့ ပွဲစဉ်မှာလဲအဝေးကွင်းကစားရပေမဲ့ ပြိုင်ဘက်ရဲ့ အထနှေးနေမှုကို အခွင့်ကောင်းယူပြီး ပွဲစကတည်းက ဦးဆောင်ဂိုးသွင်းယူကာ ပြိုင်ပွဲကိုထိန်းချုပ်ကစားနိုင်တာကြောင့် နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိ နည်းပြဖစ်ရှာလက်အောက်မှာ ပုံစံကောင်းရနေတဲ့ သူတို့အသင်းဟာ ခြေစွမ်းပြကစားသမားတွေ ခေါ်ယူနိုင်ခြင်းမရှိပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် ဥရောပပြိုင်ပွဲတွေမှာတောင် နိုင်ပွဲရနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ပြိုင်ပွဲတွေဆက်တိုက်ကစားရသလို ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာ အမှတ်ပေးဇယားထိပ်က ဘိုင်ယန်မြူးနစ်ကို သုံးဂိုးပြတ်နဲ့ရှုံးနိမ့်သွားခဲ့ရပါတယ်။ အခုပွဲစဉ်ကတော့ ပွဲကျပ်တွေဆက်တိုက်ကစားခဲ့ရတဲ့ သူတို့အသင်းအတွက် နိုင်ပွဲရှာရမဲ့ပွဲဖြစ်နေသလို ဒဏ်ရာရကစားသမားများနေတဲ့ ကိုလုံးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

အခုပြိုင်ပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ကိုလုံးအသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအဝေးကွင်း ၁၁ ပွဲကစားခဲ့ရာမှာလဲ တစ်ပွဲပဲအနိုင်ရခဲ့ပြီး ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၂ ပွဲကစားအပြီးမှာတော့ ခြောက်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၂၆ မှတ်ရရှိခဲ့လို့ အဆင့်(၁၂)ရောက်ရှိနေတာကို တွေ့ရမှာပါ။ ကိုလုံးအသင်းဟာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်း ပြောင်းလဲကစားနေပေမဲ့ တိုက်စစ်အသားပေးကစားလွန်းတာကြောင့် ခံစစ်ပိုင်းက ပေးဂိုးတွေ များခဲ့တာဖြစ်ပြီး ပွဲစဉ် ၂၂ အပြီးမှာ ၃၈ ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာသူတို့အသင်းအနေနဲ့ ယူနီယံဘာလင်ကို တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင် အဆုံးသတ်ပိုင်းသေချာတဲ့ တိုက်စစ်မှူးဘက်ကာ၊ ပီဖိုခ်တို့ရဲ့ ထိုးဖောက်မှုကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ဘဲ ပေးဂိုးများသွားမှာဖြစ်ပါတယ်။ ယူနီယံဘာလင်ကတော့ အခုပြိုင်ပွဲမှာ အိမ်ကွင်းခံစစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသလို အိမ်ကွင်းရှုံးပွဲမရှိသေးလို့ အဘက်ဘက်ကသာလွန်နေတဲ့ ယူနီယံဘာလင်ကိုပဲ ရွေးချယ်ရမှာပါ။

### ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၁ | - | ၂ | ယူနီယံဘာလင် |
| အေဂျက် | ၀ | - | ၀ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၀ | - | ၀ | ရှော်လ်ကေး |
| ယူနီယံဘာလင် | ၃ | - | ၁ | အေဂျက် |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | ယူနီယံဘာလင် |

### ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှော်လ်ကေး | ၀ | - | ၀ | ကိုလုံး |
| ကိုလုံး | ၀ | - | ၀ | လိုက်ပ်ဇစ် |
| ကိုလုံး | ၃ | - | ၀ | ဖရိုင်းဘတ် |
| စတုဂတ် | ၃ | - | ၀ | ကိုလုံး |
| ကိုလုံး | ၀ | - | ၂ | ဝုဖ်ဘတ် |

### ဂီတာဖေးအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဂီတာဖေးနဲ့ ဂျီရိုနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံချိန်မှာတော့ ဂျီရိုနာအသင်းက အိမ်ကွင်းမှာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဂီတာဖေးအသင်းဟာ ပွဲစဉ် ၂၃ အပြီးမှာ ငါးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၁ ပွဲရှုံးနဲ့ ရမှတ် ၂၂ မှတ်ပဲရရှိခဲ့တာကြောင့် အဆင့်(၁၉)နဲ့ တန်းဆင်းဇုန်ထဲရောက်နေပေမဲ့ အဆင့်(၁၄) ဆီဗီလာအသင်းနဲ့ ရမှတ်သုံးမှတ်ပဲ ကွာဟနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်ကို နိုင်ပွဲရှာနိုင်ရင် တန်းဆင်းဇုန်က လွတ်မြောက်မှာဖြစ်လို့ ရေကုန်ရေခန်းကစားလာမှာသေချာပါတယ်။ သူတို့အသင်းနည်းပြရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ တိုက်စစ်မှူး အူနယ်လ်နဲ့ ကွင်းလယ်က မေရီရယ်တို့က ခြေစွမ်းပြသနိုင်ခဲ့ပြီး အူနယ်လ်က ရှစ်ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ယောက်သွင်းယူခဲ့တဲ့ သွင်းဂိုးတွေကလဲ အိမ်ကွင်းပွဲစဉ်တွေမှာ များနေတာကြောင့် ဂီတာဖေးရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းဟာ ဂျီရိုနာအသင်းအတွက် အခက်တွေ့မှာသေချာပါတယ်။

ဂျီရိုနာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၁၀ ဂိုးနဲ့ ခံစစ်ပိုင်းက ပေးဂိုးခုနစ်ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ၂၃ ပွဲကစားခဲ့ရာမှာ ရှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၀ ထိရရှိခဲ့တာကြောင့် အဆင့်(၁၁)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အမှတ်ပေးပြိုင်ပွဲအဝေးကွင်း ၁၁ ပွဲမှာတော့ နှစ်ပွဲပဲအနိုင်ရခဲ့ပြီး သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ခံစစ်ပိုင်းက ပေးဂိုး ၁၈ ဂိုးထိ ခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ ဂျီရိုနာအသင်းဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်အသားပေးကစားနေပေမဲ့ ဘောလုံးပိုင်ဆိုင်မှု အသားပေးကစားတဲ့ အသင်းတွေနဲ့ဆို နိုင်ပွဲရဖို့ခက်ခဲနေတာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ အိမ်ကွင်း ကစားပုံမာကျောပြီး တန်းဆင်းဇုန်ကရုန်းရမဲ့ ဂီတာဖေးအသင်းရဲ့ တိုက်စစ်ကြောင့် ဂျီရိုနာအသင်းဖွင့်ကစားမယ်ဆိုရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ဂီတာဖေးအသင်းဟာ ဂျီရိုနာအသင်းကို ဧည့်ခံကစားခဲ့တဲ့ နောက်ဆုံးလေးပွဲမှာလဲ ရှုံးပွဲမရှိခဲ့ဘဲ ပွဲတိုင်းဂိုးရခဲ့တာကြောင့် နိုင်ပွဲရှာရမဲ့ အိမ်ရှင်နဲ့ပဲလက်တွဲရမှာပါ။

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၀ | - | ၁ | ဘက်တစ် |
| အေတီကို | ၁ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၁ | ဗယ်လ်ကာနို |
| ဂီတာဖေး | ၁ | - | ၀ | ဗလင်စီယာ |
| ဗီလာရီးရဲလ် | ၂ | - | ၁ | ဂီတာဖေး |

### ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၀ | - | ၁ | ဘာစီလိုနာ |
| ဂျီရိုနာ | ၁ | - | ၀ | ဗလင်စီယာ |
| ကာဒီဇက် | ၂ | - | ၀ | ဂျီရိုနာ |
| ဂျီရိုနာ | ၆ | - | ၂ | အယ်မာရီယာ |
| ဘီလ်ဘာအို | ၂ | - | ၃ | ဂျီရိုနာ |

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၁-၂၀၂၃ရက်နေ့မှစ၍ ထုတ်ပေးလျက်ရှိရာ ၂၆-၂-၂၀၂၃ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာ ထုတ်ပေး/တင်သွင်းခြင်းကို ၅-၃-၂၀၂၃ ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွား မည်ဖြစ်၍ လျှောက်လွှာထုတ်ယူလိုသူများအနေဖြင့် နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများအား ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက် နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက် ရှူလမ်းကြောင်းကို တိုးတက်ကောင်း မွန်စေသည်။



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နမ့်ပန်ရေအားလျှပ်စစ်စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်



**နေပြည်တော် မတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နမ့်ပန် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း လုပ်ငန်းများကို ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုများဖြင့် လုပ်ကိုင်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၏ သတင်း များအရ သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန သည် မြန်မာနိုင်ငံ၏ လျှပ်စစ် ဓာတ်အားလိုအပ်မှုများကို ဖြည့် ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ရရှိနိုင်မည့် နေရာဒေသများကို ရှာဖွေကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများကို အကောင်အထည် ဖော်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေ ဖြင့် အများဆုံးလုပ်ကိုင်နိုင်မည့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး အတွက် ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေး ဦးစီးဌာနသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် နေရာဒေသများကို ရှာဖွေကာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ များ တည်ဆောက်လုပ်ကိုင်လျက် ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုများအရ ရှမ်းပြည်နယ် နမ့်ပန်ဒေသတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရရှိနိုင် မည့်နေရာဒေသကို ရှာဖွေတွေ့ရှိခဲ့ သဖြင့် နမ့်ပန်ရေအားလျှပ်စစ်စီမံ ကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေအား လျှပ်စစ်စီမံကိန်းကို အကောင် အထည်ဖော်ရန် ပဏာမလေ့လာမှု များဆောင်ရွက်ကာ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်း ဆောင်ရွက် ရန်အတွက် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းကုမ္ပဏီများသို့ လုပ်ငန်း အပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါနမ့်ပန်ရေအား လျှပ်စစ်လုပ်ငန်းစီမံကိန်း၏ ဖြစ် မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်း များကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်သွားရန်အတွက် ပြည်တွင်း တိုင်းရင်းသားကုမ္ပဏီများကို အိတ် ဖွင့်တင်ဒါဖိတ်ခေါ် ဆောင်ရွက်နေ ပြီဖြစ်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာများကို ယခု နှစ် မတ် ၃ ရက်မှ မတ် ၂၀ ရက်ထိ ရုံးအမှတ်(၂၇) ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန သုံးထပ်ဆောင် ရုံးသစ် နေပြည်တော် တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာများကို ယခု နှစ် ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီ တွင် အဆိုပါရုံးဌာနသို့ ပြန်လည် တင်သွင်းကြရမည်ဖြစ်ကြောင်း၊ တင်ဒါကြော်ငြာပုံစံများကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝက်ဆိုက်ဖြစ် သည့် www.moee.gov.mmတွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

SKL

## မိုင်းဖြတ်မြို့နယ် ဟောင်ဟင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် မတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်တွင် ကျေးလက်နေပြည်သူ များ အလုပ်အကိုင်အခွင့်အလမ်း နှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ဟောင်ဟင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင် ရွက်နေမှုအခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မိုင်းဖြတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မလွင် နှင့် တာဝန်ရှိသူများက ဟောင်ဟင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ် ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေး ပြီး မိုင်းဖြတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မလွင် က လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ဟောင်ဟင်ကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပြီး ယခုအခါ နဝမအကြိမ် မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၃၈၁ သိန်း ထုတ်ချေးပေး ထားပြီး အဆိုပါရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**







## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်နေ ဦးထွန်းလမင်း-ဒေါ်သက်မာဝင်း တို့၏သား မောင်သုတဟိန်း အား မောင်သီဟသူ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သီဟသူ**

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ မမျှ ရည်ခင်(သာ)ဦးသိန်းနိုင် (၅/မဟမ (နိုင်)၀၂၀၆၅၇၄)၏ နိုင်ငံကူးလက်မှတ် အမှတ်(မှတ်)တိမှ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၄၀၁၁၄၅၂၈၀

**မီး သတိပြု**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ရန်သူမီးဘေး တားဆီးရေး မနေ့ဆောင်ရွက်ကြ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို...

❖ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေး(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

စာမျက်နှာ - ၁၇

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ လေ့ကျင့်လျက်ရှိ



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လှေလှော်အားကစားနည်းဖြင့် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းချောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နမ့်ပန်ရေအားလျှပ်စစ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်

စာမျက်နှာ - ၃၀


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
မြင်ပအာစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...